# ဘာသာတရားများအချင်းချင်း နှီးနှောဖလှယ်ခြင်း

## မာကု (ဒသသန)

# မာတိကာ

**အခန်း** **စာမျက်နှာ**


အမှာစကား (ဂိုဏ်းချုပ်ဆရာတော်ကြီးချားစ်ဘို) ၂
အမှာစကား (စာရေးသူ) ၃
၁။ ကိုးကွယ်မှုဘာသာတရားများ၏တူညီသောအချက်တချို့ ၉
၂။ ကိုးကွယ်မှုဘာသာတရားများ
အချင်းချင်းနှီးနှောဖလှယ်ခြင်း ၁၁
၃။ ကိုးကွယ်မှုဘာသာတရားများ မည်ကဲ့သို့
အချင်းချင်းနှီးနှောဖလှယ်ကြပါမည်နည်း ၁၅
၄။ ကိုးကွယ်မှုဘာသာတရားများ
အချင်းချင်းနှီးနှောဖလှယ်ရခြင်းမှာ ၂၉
၅။ တစ်ခရီးတည်းသွားနေကြသည့် ဘုရားဖူးဧည့်သည်များ ၃၇
၆။ ဘာ့ကြောင့် ကိုးကွယ်မှုဘာသာတရားများ
အချင်းချင်းနှီးနှောဖလှယ်ဖို့ လိုအပ်ပါသလဲ ၄၃
၇။ အမိမြေနှင့် ဘာသာတရားနှီးနှောဖလှယ်ခြင်း ၄၇
၈။ ကိုးကွယ်မှုဘာသာတရားများ အချင်းချင်း
နှီးနှောဖလှယ်ရာတွင် ရှိသင့်သည့် စိတ်နေစိတ်ထား ၅၅
၉။ ကိုးကွယ်မှုဘာသာတရားများ အချင်းချင်းနှီးနှောဖလှယ်ခြင်း
အကြောင်းကက်သလစ်သာသနာတော်၏ သင်ကြားချက် ၅၉
၁၀။ ယုံကြည်မှုနှင့်ယဉ်ကျေးမှု ယှဉ်တွဲရှိနေခြင်း ၇၁
၁၁။ အာရှတိုက်ဆရာတော်ကြီးများဖယ်ဒရေးရှင်း၏
ကိုးကွယ်မှုဘာသာတရားများအချင်းချင်း
နှီးနှောဖလှယ်ခြင်းအကြောင်းသင်ကြားချက် ၇၃
၁၂။ ကျမ်းညွှန်း ၈၁

# အမှာစကား

**(စာရေးသူ)**

မျက်မှောက်ခေတ်ချိန်ခါသမယကို "ကိုးကွယ်မှုဘာသာတရားကြီးများ၏ တတိယမြောက်သမိုင်းဝင်အချိန်အခါ" ဟု ခေါ်ချင်ပါသည်။ အဘယ်ကြောင့်ဆိုသော် သဒ္ဓါကို ဘောင်ခတ်သတ်မှတ်ထားသည့် ဘာသာတရားများမှသည် ပွင့်လင်းဖြူစင်သည့် ကမ္ဘာ့ကိုးကွယ်မှု ဘာသာတရားများအဖြစ် အသိအမှတ်ပြုလာသောကြောင့် ဖြစ်ပါသည်။

သို့သော် ယနေ့ကမ္ဘာကြီးပေါ်တွင် ဘာသာရေးအယူသီးမှုများ၊ မျက်နှာသာပေး ဘက်လိုက်နေခြင်းများ ရှိနေသေးတာကိုလည်း စိတ်မကောင်းစွာ သတိပြုမိပါသည်။ ထိုတစ်ယူသန်စိတ်များ ပပျောက်ပါမှသာ လူသားထုတစ်ခုလုံး ကိုယ်စိတ်နှလုံး ချမ်းမြေ့ကြပါလိမ့်မည်။ ရဟန်းမင်းကြီး ဒုတိယမြောက် ယောဟန် ပေါလူးကလည်း "ဘာသာ ဆိုတာ အငြင်းပွားမှုများအတွက် ဆင်ခြေပေးယိုးမယ်ဖွဲ့စရာတစ်ခု အလျှင်းမဟုတ်ပါ။ အထူးသဖြင့် ဘာသာနှင့်လူမျိုး ထပ်တူဖြစ်ရမယ်ဟု ဘယ်တော့မှ ဘာသာကို ယိုးမယ်မဖွဲ့ရဘူး။ ဘာသာတရားနှင့် ငြိမ်းချမ်းရေးဟာ အတူတူ ရှိနေတယ်"ဟု ဆုံးမပါသည်။

ထို့ကြောင့် ကိုးကွယ်မှုဘာသာတရားအချင်းချင်း နှီးနှော ဖလှယ်ကြကာ အတူယှဉ်တွဲနေထိုင်ကြဖို့ အထူးလိုအပ်လှပါသည်။

ကိုးကွယ်မှုဘာသာတရားအချင်းချင်း နှီးနှောခြင်းအကြောင်း

ပြောတိုင်း နားလည်လွဲတတ်ကြတာမို့ ဘာသာတရားများ နှီးနှော ဖလှယ်ခြင်းအကြောင်း ဤစာအုပ်တွင် အဓိပ္ပါယ်ဖွင့်ကာ ရှင်းဆိုထား ပါသည်။

ဤစာအုပ်ငယ်တွင် ကက်သလစ်သာသနာတော်ကြီးနှင့်တကွ အာရှတိုက် ကက်သလစ်ဆရာတော်ကြီးများ ဖယ်ဒရေးရှင်းညီလာခံကြီးမှ ကိုးကွယ်မှုဘာသာတရားများအချင်းချင်း နှီးနှောဖလှယ်ကြရန် ဖိတ်ခေါ် တိုက်တွန်းချက်နှင့် သွန်သင်ချက်များလည်း ပါဝင်ပါသည်။

အချင်းချင်းနှီးနှောဖလှယ်ရာမှာ ရှိသင့်သည့်စိတ်နေစိတ်ထားနှင့် နှီးနှောဖလှယ်ခြင်း၏ ရည်ရွယ်ချက်ကို ရေးပြထားပါသေးသည်။

ခရစ်ယာန်ဘာသာကို နားလည်လွဲတတ်ကြတာကြောင့် ခရစ်ယာန်နှင့် ခရစ်ယာန်ဘာသာအကြောင်း အတိုချုံးရေးသားထားပုံ ကိုလည်း လေ့လာဖတ်ရှုနိုင်ပါသည်။

ကမ္ဘာ့ငြိမ်းချမ်းရေး၊ နိုင်ငံတွင်းငြိမ်းချမ်းရေး၊ မိသားစုများ ငြိမ်းချမ်းရေးရရှိနိုင်ဖို့ မြင့်မြတ်သည့်မနောနှင့် အတ္တကင်းသည့်စိတ်ထား များ လိုအပ်ပါသည်။ ထိုမြင့်မြတ်သည့် စိတ်နေစိတ်ထားများကို ဘာသာ တရားများ၏ ဆုံးမသွန်သင်ချက်များနှင့် ပေါင်းလိုက်ပါက အေးချမ်းသည့် ကမ္ဘာတစ်ခုတည်ဆောက်နိုင်မယ်ဟု ကျွန်တော် အလေးအနက်ယုံကြည် ပါသည်။

ထို့ကြောင့် လူတိုင်းလူတိုင်း မိမိတို့၏ မစ္ဆရိယစိတ်ကို ဖယ်ရှားနိုင်ကြကာ၊ မိမိတစ်ဦးစီ၏ အဇ္ဈတ္တငြိမ်းချမ်းမှုရရှိရုံသာမက လောကကမ္ဘာကြီးတစ်ခုလုံးပါ ငြိမ်းအေးသာယာလာပါလိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။

မာကု (ဒဿန)

## ။ တစ် ။

## ကိုးကွယ်မှုဘာသာတရားများ၏ တူညီသောအချက်တချို့

၁၉၈၄ နှင့် ၁၉၈၆ ခုနှစ်များက အမေရိကန်နိုင်ငံ၊ ကော်လော်ရားဒိုးပြည်နယ်၊ စနိုးမာ့စ်မြို့၊ စိန်ဘက်နက်ဒစ် ကက်သလစ်ရသေ့ကျောင်းတော်မှာ ကမ္ဘာ့ဘာသာကြီးများအချင်းချင်း နှီးနှောဖလှယ်ခြင်း အစီအစဉ်တစ်ခု ပြုလုပ်ခဲ့ပါသည်။

ထိုအစီအစဉ်ကြီးကို ဗုဒ္ဓဘာသာ၊ တိဗက်ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ၊ ဂျူးဘာသာ၊ အစ္စလာမ်ဘာသာ၊ ရှုရှားသြသော်ဒေါ့စ်၊ ပရောတက်စတန်ခရစ်ယာန်အသင်းများ (Protestant)နှင့် ကက်သလစ်ခရစ်ယာန်ဘာသာမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။

ထိုအစီအစဉ်အတွင်း ကိုယ်စားလှယ်တော်ကြီးများအားလုံးတို့သည် မိမိတို့ဘာသာအတိုင်း ဆိတ်ငြိမ်စွာဆုတောင်းရင်း မိမိတို့ယုံကြည်ရာဘာသာများ၏ သင်ကြားချက်များကို ဝေမျှပို့ချခဲ့ကြ ပါသည်။ အထူးသဖြင့် ကမ္ဘာ့လူသားထုကြီးတစ်ခုလုံးကို အကျိုးပြု မည့် တူညီသောဘာသာတရားယုံကြည်ရာများကို ဆွေးနွေးတင်ပြခဲ့ကြပါသည်။

သူတို့တင်ပြခဲ့ကြသည့် တူညီချက်များမှာ. . .

ကမ္ဘာ့ဘာသာကြီးများအားလုံးက "အမြင့်ဆုံးပုဂ္ဂိုလ်တော် မြတ် (သို့) အမြင့်ဆုံးသောအဖြစ်တော်" (Ultimate Reality) ကို လက်ခံကြပါသည်။ ထိုအဖြစ်တော်ကို ဗြဟ္မာ (Brahman)၊ အလ္လာဟ် (Allah)၊ ဘုရား (God)၊ လုံးဝဥဿုံပြည့်စုံခြင်း (Absolute)၊ နိဗ္ဗာန် (Nirvana) စသည်ဖြင့် ခေါ်ဝေါ်ကြပါသည်။

ထိုအဆုံးအစွန်အမြင့်မြတ်ဆုံးသောအဖြစ်တော်ကို လူ့စကားလုံးများနှင့် ပြည့်စုံစွာအဓိပ္ပါယ်ဖွင့်ဆို ဖော်ပြနိုင်စွမ်းမရှိပါဟု အားလုံးက လက်ခံကြပါသည်။

အဆုံးအစွန်မြင့်မြတ်သန့်ရှင်းတော်မူသော ထိုအဖြစ်တော်သည်သာ လူသားတို့မျှော်လင့်တောင့်တသည့် ပြည့်စုံခြင်းနှင့် တစ်နေ့မှာ ရယူနိုင်စွမ်းသည့်အရာ ဖြစ်ပါသည် (the ground of infinite potentiality and actualization)။

ဘာသာတရားများကို ယုံကြည်သက်ဝင်ခြင်း (သဒ္ဓါ၊ faith) သည် ထိုအမြင့်ဆုံးအဖြစ်တော်ထံတော်သို့ ရောက်ရှိနိုင်ရန် လမ်းသာ ဖြစ်၏။

The potential for human wholeness ဟုခေါ်သည့် တစ်နေ့ မှာ လူသားတို့ရနိုင်စွမ်းသည့်ပြည့်စုံခြင်း၊ တစ်နည်းအားဖြင့် အသိဉာဏ်ပွင့်လင်းခြင်း (Enlightenment)၊ ကယ်တင်ခြင်း (Salvation)၊ အဆင်းအသွင်ပြောင်းခြင်း (Tranformation)၊ သန့်ရှင်းမြင့်မြတ်ခြင်း (Blessedness)၊ နိဗ္ဗာန် (Nirvana) အစရှိသည်တို့သည် လူတစ်ဦးစီ တိုင်းမှာ ရှိနေပါသည်။

အမြင့်မြတ်ဆုံးအဖြစ်တော်ကို ဘာသာရေးအကျင့်သီလများဖြင့်သာမကဘဲ သဘာဝတရားအားဖြင့် (through nature)၊ အနုပညာများ (art) အားဖြင့်၊ လူသားတစ်ဦးနှင့် တစ်ဦးပေါင်းသင်း

ဆက်ဆံခြင်းအားဖြင့်၊ တစ်ပါးသူများအား ကူညီပေးခြင်း၊ အစေခံမှု ပြုခြင်းအားဖြင့်လည်း ခံစားနိုင်ပါသည်။

ထိုအမြင့်ဆုံးအဖြစ်တော်မှ ဝေးကွာနေရသ၍ လူ့အဖြစ် အခြေအနေသည် မသိမှု (အညာဏ၊ ignorance)၊ အမြင်မကြည် လင်မှောက်မှားခြင်း (illusion)၊ အားနည်းမှု (weakness) နှင့် ဒုက္ခ (suffering) သာဖြစ်နေပါတော့သည်။

ယုံကြည်သူများ၏အသက်တာမှာ နည်းလမ်းမှန်ကန်သော တရားအားထုတ်မှုများ လိုအပ်ပါသည်။ ထိုတိကျမှန်ကန်သော တရား အားထုတ်ကျင့်ဆောက်တည်မှုများမှာ. . .

- ချစ်ခြင်းမေတ္တာဘာဝနာပွားများခြင်း (practice of compassion)၊
- တစ်ပါးသူများအား ပေးကမ်းထောက်ပံ့ခြင်းနှင့် အစေခံမှုပြုခြင်း (service to others)၊
- ပါရမီဆည်းပူးခြင်းနှင့် ကိုယ်ကျင့်တရားဆောက်တည်ခြင်း (practicing moral precepts and virtues)၊
- တရားဓမ္မဆီးဖြန်းခြင်းနှင့် ကမ္မဋ္ဌာန်းထိုင်ခြင်း (meditation)၊
- အစားအစာရွေးချယ်စားသောက်ခြင်း (attention to diet)၊
- ဥပုသ်စောင့်ခြင်း၊ အစာရှောင်ခြင်း၊ ခြိုးခြံခြင်း (fasting and abstinence)၊
- မြူးစေ့၊ ဓမ္မသီချင်းသီဆိုခြင်းနှင့် ဘာသာသင်္ကေတများ အသုံးပြုခြင်း (the use of music and chanting and sacred symbols)
- အာရုံပြုခြင်းများ၊ သတိပဋ္ဌာန်းပြုခြင်းနှင့် (awareness၊ mindfulness) - ပစ္စုပ္ပန်အချိန်မှာသာနေထိုင်ခြင်း (living in the present moment)၊
- ဘုရားဖူးခရီးသွားခြင်း (pilgrimage)၊
- ကျမ်းဂန်များကို သင်ယူမှတ်သားခြင်း၊
- အနန္တောအနန္တဂိုဏ်းဝင် မိဘနှင့်ဆရာသမားများကို ရိုသေလေး

စားခြင်း၊
- သန့်ရှင်းသောစကားလုံးများ ရွတ်ဆိုခြင်း (ဥပမာ - ဂါထာ၊ မန္တယားများ)၊
- တစ်ဦးတည်းဖြစ်စေ၊ အများနှင့်ဖြစ်စေ ကိုယ်စိတ်နှလုံးဆိတ်ငြိမ်စွာ နေခြင်းကို တန်ဖိုးထားခြင်း၊
- သာသနာ့အသင်းအဖွဲ့များ၊
- ကျေးဇူးသိတတ်ခြင်းနှင့် နှိမ့်ချခြင်းများသည် တရားဘာဝနာ ဆောက်တည်နေသူများအတွက် မရှိမဖြစ်လိုအပ်ခြင်း၊
- ဘုရားရှိခိုးဆုတောင်းမေတ္တာပြုခြင်းသည် အမြင့်မြတ်ဆုံးသော အဖြစ်တော်နှင့်ပေါင်းစပ်ခြင်းဖြစ်၏။

အထက်ပါအချက်များကိုကြည့်ခြင်းဖြင့် ကိုးကွယ်မှုဘာသာ တရားများတွင် တူညီသောအချက်အလက်များနှင့် ယုံကြည်ရာများရှိ နေတယ်ဆိုတာ အံ့သြစရာကောင်းလောက်အောင် မှတ်သားရပါသည်။

အရေးကြီးတာက ဘာသာတိုင်းမှ ယုံကြည်သူများသည် တစ်ပါးသူများကို နားလည်ဖို့လိုအပ်ပါသည်။

လူတိုင်းလူတိုင်း မိမိဘာသာနှင့် ယုံကြည်ရာများကို ဂုဏ်ယူ ကြတာချည်းပင်ဖြစ်၏။ မိမိအတွက် တန်ဖိုးအနဂ္ဃထိုက်သည့် ရတနာ များဖြစ်ပါသည်။

မိမိအတွက် အခြားဘာသာတစ်ခုဟာ ဘယ်လောက်ပင် ထူးဆန်းနေပါစေ၊ ထိုဘာသာကို ကြည်ညိုသူတို့အတွက်မှာတော့ တန်ဖိုးမဖြတ်နိုင်သည့် ကြည်ညိုရာများ ဖြစ်ပါသည်။

ထို့ကြောင့် တစ်ဦးနှင့်တစ်ဦး၊ တစ်ဘာသာနှင့် တစ်ဘာသာ အပြန်အလှန်လေးစားဖို့ လိုအပ်ပါသည်။

## နှစ်

## ကိုးကွယ်မှုဘာသာတရားများ အချင်းချင်းနှီးနှောဖလှယ်ခြင်း[၁]

(Interreligious Dialogue)

အင်္ဂလိပ်စကားလုံး Dialogue ကို သာမန်အားဖြင့် "ဆွေး နွေးခြင်း၊ အပြန်အလှန်စကားပြောခြင်း"ဟု လူတိုင်း နားလည်ကြ ပါသည်။ ရှေ့ဆောင်အင်္ဂလိပ်-မြန်မာအဘိဓာန်ထဲမှာ Dialogue ကို "ဆွေးနွေးခြင်း၊ အချီအချစကားပြောခြင်း"ဟု ဘာသာပြန်ဆိုပါသည်။

Dialogue ကို Interreligious (ကိုးကွယ်မှုဘာသာတရားများ အချင်းချင်း) ဆိုသည့် စကားလုံးနှင့်တွဲကာ Interreligious Dialogue ဟုလည်း ခေါ်လေ့ရှိပါသည်။

Dialogue စကားလုံးတစ်ခုတည်းကို မြန်မာပြန်ဆိုပါက "ဆွေး နွေးခြင်း" ဟု နားလည်လက်ခံနိုင်ပါသော်လည်း "ဘာသာတရားများ အချင်းချင်း"နှင့်တွဲကာ "ဘာသာတရားများ အချင်းချင်းဆွေးနွေးခြင်း"ဟု

၁။ "What is Interreligious Dialogue?" in *Dialogue: Resource Manual for Catholics in Asia,* Federation of Asian Bishops' Conferences, 2001, p. 181.

ဘာသာပြန်ဆိုပါက မပြည့်စုံပါ။

အဘယ်ကြောင့်ဆိုသော် “ဆွေးနွေးခြင်း”သည် “ကွဲပြားရာများ”ကို တူညီစွာလက်ခံနိုင်ရန် ညှိယူခြင်းမည်၏။ “သူမှားတယ်” “ငါမှန်တယ်” ဆိုသည့် အဆုံးအဖြတ်နှင့် အခြေအတင်စကားပြောခြင်းများလည်း ပါဝင်ပေမည်။ တစ်ယူသန်စိတ်များလည်း မသိမသာ ရောပါနေနိုင်ပါမည်။

ထို့ကြောင့် Interreligious Dialogue ဆိုသည့် စကားလုံးကို “ကိုးကွယ်မှုဘာသာတရားများ အချင်းချင်းနှီးနှောဖလှယ်ခြင်း”ဟု မြန်မာပြန်ဆိုရပါမည်။

အဘယ်ကြောင့်ဆိုသော် “နှီးနှောဖလှယ်ခြင်း”ဖြင့် “မိမိကိုးကွယ်ရာဘာသာတရား၏ အဆုံးအမများ၊ မိမိဓလေ့ထုံးတမ်းနှင့် မိမိယုံကြည်မှုများကို ပြောပြသက်သေခံနိုင်သောကြောင့် ဖြစ်ပါသည်။ “ကိုးကွယ်မှုဘာသာတရားများ အချင်းချင်းနှီးနှောဖလှယ်ခြင်း”ဖြင့် သူတစ်ပါး ကိုးကွယ်ရာဘာသာတရားကို သင်ယူမှတ်သားနိုင်သောကြောင့် ဖြစ်ပါသည်။

ကိုးကွယ်မှုဘာသာတရားများ အချင်းချင်းနှီးနှောဖလှယ် ခြင်းဟု ကြားလိုက်တာနှင့် ချက်ခြင်း ရင်ဆိုင်ခြင်း၊ စကားရည်လုခြင်း၊ သာသာထိုးထိုး စကားပြောခြင်းဟု လူအတော်များများက နားလည်လွဲသွားတတ်ကြပါသည်။

ကိုးကွယ်မှုဘာသာတရားအချင်းချင်း နှီးနှောဖလှယ်ခြင်း အစီအစဉ်သည် စကားရည်လုပွဲတစ်ခု မဟုတ်ပါ။ မျက်နှာချင်း ဆိုင်ကာ အနိုင်ပြောခြင်းလည်းမဟုတ်ပါ။ ကိုယ်မှန်သူမှား အငြင်းပွားနေခြင်းတစ်ခုလည်း မဟုတ်ပါ။

ကိုးကွယ်မှုဘာသာတရားများ အချင်းချင်းနှီးနှောဖလှယ်ခြင်း

သည် "တွေ့ဆုံခြင်း (encounter)" ဖြစ်ပါသည်။ ဘာသာမတူသူ လူနှစ်ဦး (သို့မဟုတ်) နှစ်ဖွဲ့၊ သုံးဖွဲ့ အချင်းချင်းတွေ့ဆုံခြင်း ဖြစ်ပါသည်။

ထိုသို့သော တွေ့ဆုံခြင်းသည် "သင်ပေးဖို့ (not to teach)" မဟုတ်ပါ။ "ငါက မှန်တယ်။" "ငါတို့က သာတယ်။" "သူတို့ မှားနေတာတွေ ငါ သင်ပေးရမယ်။" "သူတို့တွေ လွဲနေကြတယ်။ ငါ တည့်ပေးရမယ်"စသည့် "မီးခဲပြာဖုံး" တွေ့ဆုံခြင်းမျိုး မဟုတ်ပါ။

တွေ့ဆုံရခြင်း၏ အရိုးသားဆုံးနှင့် တစ်ခုတည်းသော ရည်ရွယ်ချက်မှာ "သင်ယူဖို့ (to learn)" ဖြစ်ပါသည်။ "မင်းဆီက ငါမသိတာလေးတွေ သင်ယူချင်လို့"ဖြစ်ပါသည်။ "ငါ နားမလည်သေးတာတွေ မင်းဆီက လေ့လာချင်လို့" ဖြစ်ပါသည်။ "မင်းနဲ့ ပတ် သက်လို့ ကြားဖူးတာလေးတွေ၊ နားမရှင်းသေးတာလေးတွေ၊ မှတ်သားစရာလေးတွေ နားထောင်ရအောင် မင်းနဲ့ လာတွေ့ခြင်း" ဖြစ်ပါသည်။

မှန်ပါသည်။ "သင်ယူဖို့"ရန် "သင်ကြား"ပေးရပါမည်။ လေ့လာဖို့ရန် ပြောပြသူ၊ ရှင်းပြသူ ရှိရပါမည်။ "ကျွန်တော်က သင်ယူနိုင်ဖို့ ခင်ဗျားက သင်ကြားပေးရပါမည်။" "ကျွန်တော် နားလည်ဖို့ ခင်ဗျားက ရှင်းပြပေးရပါမည်။" "ကျွန်တော် ကောင်းကောင်းသဘောပေါက်နိုင်ဖို့ ခင်ဗျားက အတတ်နိုင်ဆုံး ရှင်းရှင်းပြောပြပေးရပါမည်။" "အဲလိုဆိုတော့ ခင်ဗျားလည်း ခင်ဗျားယုံကြည်ရာတွေကို ပိုလေ့လာဖြစ်သွားရောပေါ့။ ပိုတတ်လာရောပေါ့။" မှန်ပါသည်။ ထိုသို့တွေ့ဆုံခြင်းတွင် မိမိယုံကြည်လက်ခံရာကို ပိုမိုသင်ယူမှတ်သားခွင့် ရလာ ပါသည်။

ဤနေရာတွင် "သင်ကြားခြင်း"ဟု ပြောသော်လည်း "သက်သေခံခြင်း (to witness)"ဖြစ်ပါသည်။ သူတစ်ပါးသင်ယူနိုင်ဖို့ မိမိက သက်သေခံပြောကြားပေးခြင်းဖြစ်ပါသည်။ မိမိကိုးကွယ်သည့်

ဘာသာတရားကို သက်သေခံခြင်း ဖြစ်ပါသည်။ ထိုသို့ သက်သေခံပြောကြားပေးဖို့ မိမိဘာသာတရားကို လေ့လာသင်ယူထားရပေမည်။ ထိုသို့ သက်သေခံပြောကြားပေးရာတွင် သင်ယူလာသူတိုင်းအား ရိုးသားစွာလေးစားဖို့လိုအပ်ပါသည်။ မိမိပြောပြသက်သေခံသည့် ဘာသာတရားတစ်ခုသည် သူ့အတွက် အဆန်းဖြစ်နေသလို သူ့ယုံကြည်မှုနှင့်လည်း မတူဘဲကွဲပြားနေမည်ဆိုတာကို ကြိုနားလည်ထားရပါမည်။ မတူညီရာမှာ ဗျာများ မနေဘဲ မတူတာကို မတူသလို နားလည်လက်ခံကာ လေးစားလိမ့်မည်ဟုလည်း မျှော်လင့်ထားပါသည်။ လေ့လာသူဖက်မှလည်း သူ့သက်သေခံပြောကြားရာကို လက်ခံဖို့ လိုအပ်ပေသည်။

ထို့ကြောင့် ကိုးကွယ်မှုဘာသာတရားများ အချင်းချင်းနှီးနှောဖလှယ်ခြင်းသည် ပြောလည်းပြော နားလည်းထောင်တတ်သည့် တွေ့ဆုံခြင်း (**a two-way communication**) ဖြစ်ပါသည်။ "ငါ့စကားနွားရ" မိမိကပဲ ဇွတ်ပြောနေခြင်းမဟုတ်ပဲ နားထောင်ပေးခြင်းလည်း ရှိရပါသည်။ နားနှင့်သာကြားရသည့် နားလည်ခြင်းထက် နှလုံးသားနှင့် နားထောင်ခြင်း ဖြစ်ပါသည်။

ဘာသာတရားများ အချင်းချင်းနှီးနှောဖလှယ်ခြင်းမှာ "ပြောင်းလဲလက်ခံလာဖို့ (**Conversion**)"ဖြစ်ပါသည်။ သို့သော် ပြောင်းလဲလာခြင်း (Conversion) ဟုဆိုရာတွင် တစ်စုံတစ်ခုက နောက်တစ်ခုကို (ဘာသာတစ်ခုက နောက်ဘာသာတစ်ခုကို) လွှမ်းမိုးပြောင်းလဲသွားခြင်း (winning over) ဟုမဆိုလိုပါ။ အတူမျှဝေခံစားခြင်း (sharing with) ကိုဆိုလိုပါသည်။

တစ်နည်းဆိုရပါက ပြောင်းလဲလက်ခံလာခြင်း (Conversion) သည် ဘာသာတစ်ခုမှ တစ်ခြားတစ်ခုသို့ ပြောင်းလဲလက်ခံသွားခြင်း

မဟုတ်ဘဲ ဘာသာတရားရေးနှင့်ပတ်သက်တိုင်း အရင်က အယူသည်းတတ်သော၊ ငါစွဲ စွဲတတ်သော နှလုံးသားတစ်ခုမှ လေးစားတတ်သည့်၊ နားလည်လက်ခံတတ်သည့် နှလုံးသားတစ်ခု အဖြစ်သို့ ပြောင်းလဲလာခြင်းသာ ဖြစ်ပါသည်။ သူတစ်ပါးတို့က မိမိဘာသာတရားအပေါ် ထားရှိသည့် အမြင်စောင်း၊ အမြင်ဟောင်းများ ပြောင်းလဲလာဖို့ ဖြစ်သလို တစ်ခြားဘာသာတရားများအပေါ်တွင် မိမိ၏ နားလည်လွဲမှု များလည်း ပြောင်းလဲနားလည်လာစေဖို့ ဖြစ်ပါသည်။ "ကိုးကွယ်မှု ဘာသာတရားများ အချင်းချင်းနှီးနှောဖလှယ်ခြင်း ပြုလုပ်ရခြင်း သည်လည်း တစ်ဦးနှင့်တစ်ဦး၏ ဘာသာရေးအခြေခံသဘော တရားများကို တဖြည်းဖြည်း နားလည်လာကာ ပိုမိုတန်ဖိုးထား လေးစားလာစေဖို့ ဖြစ်ပါသည်။"

ထို့ကြောင့် ဘာသာတရားများ နှီးနှောဖလှယ်ခြင်းသည် သူတစ်ပါးအား ပြောင်းလဲလာစေဖို့နှင့် မိမိ၏ တိမ်းစောင်းနေသော အမြင်များပြောင်းလဲ လာစေခြင်းနှစ်ခုအကြား ဆက်သွယ်ပေးသော ပေါင်းကူးတံတားဖြစ်ပါသည်။

ဘာသာတရားများနှီးနှောဖလှယ်ခြင်းကြောင့် တစ်ခြား ဘာသာတရားများအကြောင်း၊ မိမိဘာသာတရားနှင့် မိမိ ကိုယ်ကိုပါ မကျန် ပိုမိုကျယ်ပြန့်စွာ နားလည်လက်ခံလာစေပါတော့သည်။

"ကိုးကွယ်မှုဘာသာတရားများ အချင်းချင်းနှီးနှောဖလှယ်" ရာတွင် အချင်းချင်းအပြန်အလှန် နားလည်လာကြပါသည်။ အချင်းချင်းနှီးနှောခွင့်ရသဖြင့် လူသားများအသိုင်းအဝိုင်း စည်းလုံးရေး တိုးတက်လာပါသည်။ ပေါင်းသင်းဆက်ဆံရေးများ တိုးပွားလာ ပါသည်။ နားလည်မှုနှင့် ဆက်ဆံရေးများ တိုးတက်လာတာကြောင့် အတူတကွ ငြိမ်းချမ်းသာယာစွာ ယှဉ်တွဲနေထိုင်နိုင်ကြပါသည်။

အချုပ်အားဖြင့်ဆိုရပါက "ကိုးကွယ်မှု ဘာသာတရားများ အချင်းချင်းနှီးနှော်ဖလှယ်ခြင်း"သည် လောကစကြဝဠာကြီး တစ်ခု လုံးနှင့် ကမ္ဘာ့လူသားထု အဖွဲ့အစည်းကြီးတစ်ခုလုံး၏အကျိုးသို့ ဦးတည်ခြင်း ဖြစ်ပါသည်။

ကိုးကွယ်မှုဘာသာတရားများ အချင်းချင်းနှီးနှော်ဖလှယ် ခြင်းသည် သင်ယူခြင်း၊ လေ့လာခြင်း အစီအစဉ်တစ်ခု ဖြစ်ပါသည်။ နှစ်ဦးနှစ်ဖက်စလုံးက မိမိမသိနားမလည်သေးသည့် အချက်အလက် များကို မြင်တွေ့နားလည်ဖို့ အခွင့်အလမ်းဖြစ်ပါသည်။ နားလည်လွဲ နေတာတွေ မှန်ကန်လာဖို့၊ အမြင်မှားနေတာတွေ အမြင်မှန်လာဖို့ နည်းလမ်းတစ်ခုလည်း ဖြစ်ပါသည်။

တစ်ပါးသူများလည်း မိမိတို့လိုပဲ မှန်ကမ်တိကျသည့် ဘာသာ ရေးသွန်သင်ချက်များ၊ ယုံကြည်ကိုးကွယ်မှုများ၊ ဥပုသ်သီလ ဆောက် တည်မှုများ ရှိနေတယ်ဟု မြင်တွေ့လာစေပါသည်။

သူတစ်ပါးကို ပိုမိုသိလာခွင့်ရလေလေ၊ မိမိကိုယ်ကို ပိုမို သိလာပေသည်။ သူတစ်ပါးကို ပိုမိုနားလည်ခွင့်ရလေ၊ နဂိုက နားလည်ခြင်းတွေ တိုးပွားလေပင် ဖြစ်၏။

တစ်ပါးသူ၏ "လမ်း (Way)"နှင့် "နောက်ဆုံးပန်းတိုင်" အကြောင်း ပိုမိုသိလာရလေ မိမိရည်မှန်းထားသည့် "ပန်းတိုင်"ကိုလည်း ပိုမိုမြတ်နိုးလေဖြစ်ပါသည်။

ထို့ကြောင့် ရဟန်းမင်းကြီး ဒုတိယမြောက် ယောဟန်ပေါလူး အရှင်က *Redemptoris Missio* အမည်ရှိ စာချွန်တော်ထဲမှာ ("Dialogue is " a method and means of mutual knowledge and enrichment") "နှီးနှော်ဖလှယ်ခြင်းသည် ပွင့်လင်းရိုးသားသော အသိတရားနှင့် ဗဟုသုတ ကြွယ်ဝလာစေဖို့ နည်းလမ်းတစ်ခုဖြစ်ပါတယ်" ဟု မိန့် ကြားပါသည်။

## သုံး

## ဘာသာတရားများ မည်ကဲ့သို့ နှီးနှောဖလှယ်ကြပါမည်နည်း။
(Forms of Dialogue)

ကက်သလစ်သာသနာတော်ကြီးက "ကိုးကွယ်မှုဘာသာကြီးများ၏ သန့်ရှင်းမြင့်မြတ်၍မှန်ကန်သော သစ္စာတရားများတွင် မည်သည့်အချက်အလက်တစ်ခုကိုမှ မငြင်းဆိုပါ"[၁]ဟု သင်ကြားပါ သည်။ ထို့အပြင် "ကိုးကွယ်မှုဘာသာတရားအချင်းချင်း နှီးနှော ဖလှယ်ကြဖို့" သာသနာတော်ကြီးက အစဉ်တိုက်တွန်းဖိတ်ခေါ် ပါသည်။

ထို့နည်းအတူ ဗုဒ္ဓရှင်တော်ဘုရားထံသို့ ဝါဒမတူသူအမျိုး မျိုးတို့ ချဉ်းကပ်မေးမြန်းကြလေတိုင်း ရှင်တော်ဘုရားက "ကျွန်ုပ်တို့၏ မတူညီမှုကို ဖယ်ရှားကြပါစို့။" "ဘာကိုသဘောတူညီနိုင်မည်ကို ကျွန်ုပ်တို့ အာရုံစူးစိုက်ကြပါစို့။" "ဤအချက်ကိုသာ ကျွန်ုပ်တို့၏ လက်တွေ့ ဘဝကျင့်စဉ်အဖြစ် ခံယူကြပါစို့။" "အဘယ်ကြောင့် ဒေါသဖြင့် အချည်း

၁။ *Nostra Aetate* 2. ". . .the Catholic Church rejects nothing which is true and holy in these religions. "

၂။ အက်စ်အင် ဂိုအင်ကာ၊ *Universal Spirituality for Peace*၊ မြန်မာ့အလင်း သတင်းစာ (အင်္ဂလိပ်ဘာသာ)၊ ၂၉၊ ၉၊ ၂၀၀၀။

နိုး ငြင်းခုံရမည်နည်း။” ဟူ၍ ဆုံးမလေ့ရှိပါသည်။

ထို့အပြင် ကိုးကွယ်မှုဘာသာတရားတိုင်းတွင် တူညီသည့် ယုံကြည်မှုများနှင့် မြင့်မြတ်သည့်ကိုယ်ကျင့်တရားများ ရှိကြပါသည်။ လူ့ကျင့်ဝတ်များ၊ မေတ္တာတရား၊ ဖြူစင်စိတ်ထား၊ အကြင်နာတရား၊ ကရုဏာတရား၊ စိတ်စေတနာကောင်းများနှင့် ခွင့်လွှတ်သည်းခံခြင်း တရားများကို ရင်ဝယ်ပိုက်ကာ အတူရှင်တွဲနေထိုင်ကြပါလျှင် လူသား များဘဝတွေ ငြိမ်းချမ်းကြပေမည်။

ဘာသာတရားသည် ကွဲပြားအောင် မလုပ်ဆောင်ပါ။ ထို့ကြောင့် ကျွန်တော်တို့အမိမြေပေါ်မှာလည်းပဲ ဘာသာတရားများ အချင်းချင်း နှီးနှောဖလှယ်ကာ အတူယှဉ်တွဲနေထိုင်သင့်လှပါသည်။

ဘာသာကြီးများအချင်းချင်း နှီးနှောဖလှယ်ခြင်း (Dialogue) သည် ဟောပြောပွဲတစ်ခု မဟုတ်ပါ။ နှီးနှောဖလှယ်ခြင်းသည် စကားရည်လုပွဲလည်း မဟုတ်ပါ။ ဝိုင်းထိုင်ကာ သာသာထိုးထိုး စကားပြောနေခြင်းမျိုးလည်း လုံးဝမဟုတ်ပါ။ တစ်ဘာသာနှင့် တစ်ဘာသာ အနိုင်မခံအရှုံးမပေး ငြင်းခုံနေခြင်းလည်း မဟုတ်ပါ။

သို့ဆိုပါက နှီးနှောဖလှယ်ခြင်းသည် ဘာကို ဆိုလိုပါသနည်း။ မည်ကဲ့သို့ နှီးနှောဖလှယ်ကြပါမည်နည်း။

**၁။ မိမိအသက်တာဖြင့် နှီးနှောဖလှယ်ခြင်း** (The Dialogue of Life)

လူတစ်ဦးစီတိုင်းသည် နေရာဒေသတစ်ခုတွင် ရောက်ရှိ နေထိုင်ရလေသည်။ နေရေးပြီးပါက စားရေးအတွက် တစ်ခုခု လုပ်ကိုင်ကြရပါ သည်။ မိမိရောက်ရာဒေသနှင့် လုပ်ကိုင်ရာ နေရာအသီးသီးတွင် လူအများနှင့် နေ့တိုင်းနေ့စဉ် ပေါင်းသင်း ဆက်ဆံနေကြရပါသည်။

ထိုသူတို့တွင် ကိုးကွယ်ယုံကြည်မှုအမျိုးမျိုး ရှိကြပေမည်။ သက်ဝင်ရာဘာသာ အမျိုးမျိုးရှိကြပေမည်။ ထိုအခါ မိမိကြည်ညို သက်ဝင်ရာ ဘာသာတရားတော်၏ အဆုံးအမနှင့်အညီ နေထိုင် ခြင်းဖြင့် မိမိဘာသာတရားတော်ကို နှီးနှောဖလှယ်ခြင်း ပြုနိုင်ပါသည်။ မြင့်မြတ်သည်ကိုယ်ကျင့်တရားများဖြင့် နှီးနှောနိုင်ပါသည်။ မိမိတရားတော်နှင့်အညီ မိဘဝတ်၊ သားသမီးဝတ်၊ မိတ်ဆွေဝတ် စသည့်လူ့ကျင့်ဝတ်များစောင့်ခြင်းသည်လည်း နှီးနှောခြင်း မည်ပါသည်။ လူတိုင်းအား ဖြူစင်စိတ်ရှေ့ထားကာ အကြင်နာတရား၊ မေတ္တာ၊ စေတနာ၊ ကရုဏာ၊ မုဒိတာထားခြင်းသည်လည်း မိမိယုံကြည်သည့်ဘာသာတရားအား လူများထံသို့ နှီးနှောနေခြင်း ဖြစ်ပါသည်။ ထိုစိတ်စေတနာကောင်းများကို ရင်ဝယ်ပိုက်ကာ ခွင့်လွှတ်သည်းခံခြင်းခြင်းဖြင့်လည်း နှီးနှောနိုင်ပါသည်။

ထို့အပြင် တစ်ဦးကတစ်ဦးကို၊ တစ်ဘာသာက တစ်ဘာ သာကို လေးစားခြင်း (respect)သည်လည်း အသက်တာဖြင့် နှီးနှော ဖလှယ်ခြင်း မည်ပါသည်။ မိမိအလုပ်အကိုင်ကို ကျေပွန်စွာလုပ်ဆောင် နေခြင်းသည်လည်း အသက်တာဖြင့် နှီးနှောဖလှယ်နေခြင်း ဖြစ်ပါသည်။ လူမှုရေးအဝဝတွင် ခင်မင်ရင်းနှီးစွာ ဧည့်ဝတ်ပျူငှါ ပြုခြင်းသည်လည်း ဘာသာတရားနှီးနှောဖလှယ်ခြင်းဖြစ်ပါသည်။ တစ်ဦး၏ အကူအညီကို တစ်ဦးကပေးခြင်းသည်လည်း ဘာသာ တရားနှီးနှောနေခြင်း ဖြစ်ပါသည်။ မိမိအိမ်နီးချင်းနှင့် လုပ်ဖော် ကိုင်ဖက်များ၏ ပူဆွေးသောကရော ချိန်မိမိသည်လည်း သူနှင့်အတူ မျှဝေခံစားခြင်းသည် နှီးနှောနေခြင်း ဖြစ်ပါသည်။ သူတို့၏ အောင်မြင်မှုများတွင်လည်း အတူပါဝင် ဝမ်းသာခြင်းဖြင့်လည်း မိမိဘာသာတရားကို နှီးနှောနိုင်ပါသည်။

တစ်နည်းဆိုရပါက အသက်တာဖြင့်နှီးနှောဖလှယ်ခြင်းသည်

လူတိုင်းလုပ်ဆောင်နိုင်သော နှီးနှောဖလှယ်ခြင်းပင်ဖြစ်ပါသည်။

ထို့ကြောင့် ဈေးရောင်းဈေးဝယ်ရာမှာ အသက်တာဖြင့် နှီးနှောဖလှယ်ဖြင်းပြုနိုင်ပါသည်။ ဆေးရုံ၊ အလုပ်ရုံ၊ စာသင်ခန်း၊ ကားမှတ်တိုင်၊ ရထားဘူတာရုံနှင့် လူရှိသည့် နေရာအသီးသီးမှာ ပြုလုပ်နိုင်ပါသည်။

မိမိအသက်တာဖြင့်နှီးနှောခြင်းဖြင့် စည်းလုံးညီညွတ်ခြင်းကို ဖြစ်ပေါ်စေသည်။ စိတ်ဝမ်းကွဲပြားမှုနှင့် အမြင်မှားမှုကို ပျောက်ကွယ်စေပါသည်။ အထင်သေးမှုနှင့် တစ်ယူသန်စိတ်များ ချုပ်ငြိမ်းစေသည်။ အာဃာတစိတ်နှင့် အတ္တစိတ်များပပျောက်စေပါသည်။ တစ်ဘာ သာနှင့် တစ်ဘာသာ ရိုးသားပွင့်လင်းအေးချမ်းသင့်မြတ်စွာ အတူမျှဝေ အသက်ရှင်နေထိုင်စေပါသည်။

ထိုသို့သောနှီးနှောဖလှယ်ခြင်းပြုလုပ်ကြဖို့ ကက်သလစ် ဘာသာဝင်အပေါင်းကို သာသနာတော်ကြီးက အစဉ်တိုက်တွန်း ပါသည်။ မိမိတို့သွားလာနေထိုင် လုပ်လုပ်ကိုင်ရာတိုင်းမှာ သမ္မာကျမ်း စာတော်၏ အသွန်အသင်အဆုံးအမကို လိုက်နာကျင့်ကြံကြဖို့ မှာကြား ပါသည်။

## ၂) အတူပူးပေါင်း ရွက်ဆောင်ခြင်းဖြင့် နှီးနှောခြင်း (The Dialogue of Work)

တိုင်းနိုင်ငံတိုင်း၊ လူမျိုးတိုင်းသည် မိမိတို့တိုင်းပြည်ဖွံ့ဖြိုးတိုး တက်စေလိုကြသည်။ ဝပြောစည်ပင်ကာ ချမ်းသာလိုကြသည်။ အချင်း ချင်း စည်းလုံးညီညွတ်ကာ တည်ငြိမ်အေးချမ်းစွာ နေထိုင်လိုကြသည်။

ထို့အပြင် လူသားတို့သည် လူ့ဘဝဒုက္ခဆင်းရဲခြင်းအဝဝကို အလွတ်မရှိ နေ့စဉ်နှင့်အမျှ ကြုံတွေ့နေရကြရပြန်ပါသည်။ ဥတုရာသီ ဖေါက်ပြန်မှုနှင့် မညီမျှမှုတို့ကြောင့် သဘာဝဘေးဒါဏ်များနှင့် ရင်ဆိုင် နေကြရပါသည်။ အာဃာတတရားကို မစွန့်နိုင်မှုကြောင့် အကြမ်းဖက်

မှုများနှင့် အငြင်းပွားမှုများတွင် ကျီးလန့်စာစား နေထိုင်လုပ်ကိုင်နေကြရပါသည်။ စီးပွားရေးတွင်လည်း လက်ဝါးကြီးအုပ်ခံရမှုတို့ကြောင့် ဆင်းရဲမွဲတေမှုဒါဏ်ကိုလည်း ကုန်းခံနေကြရပါသည်။ ထွေလျားများပြားသော ရောဂါဆန်းများကြောင့် မလိုချင်မရချင်ဘဲ ငယ်ငယ်ရွယ်ရွယ်နှင့် သေကြရပြန်ပါသည်။

ကျွန်တော်တို့ငယ်ငယ်က မူလတန်းဖတ်စာမှ စာတစ်ပုဒ်ကို ပြန်သတိရမိပါသည်။ ထိုစာပိုဒ်ကတော့ "ဇွန်ပန်းရုံအနီး၊ နွံထဲ လှည်းဘီး ကျွံနေသည်။ ကူ၍ တွန်းပေးကြပါ။ လေးလွန်း၍ မတွန်းနိုင်ဘူးလား။ ပြိုင်တူတွန်းလျှင် ရွေ့နိုင်ပါသည်"။ ဖေါ်ပြပါ လူသားတို့၏ ကောင်းကျိုးဆိုးမွေများကို ဘာသာတရားများမှ ယုံကြည်သူများ အတူတူပူးပေါင်း ရင်ဆိုင်တွန်းလှန်နိုင်ကြပါသည်။ တိုးတက်ဖွံ့ဖြိုးခြင်းလား၊ စည်ပင်ဝပြောရေးလား၊ အတူရွက်ဆောင်နိုင်ပါသည်။ ဆိုးမွေများကို ဟန့်တားစွန့်ပစ်စေရေးလား။ အတူရွက်ဆောင်နိုင်ပါသည်။ ဘာသာတရားတို့၏ ရည်ရွယ်ချက်မှာလည်း "လူသားတိုင်း ဒုက္ခဝဋ်ဆင်းရဲအပေါင်းမှ လွတ်မြောက်စေရေး" ပင် ဖြစ်ပါသည်။

ဘာသာတရားများအချင်းချင်း အတူပူးပေါင်းရွက်ဆောင်ခြင်းဖြင့် နှီးနှောဖလှယ်ခြင်းသည် လူ့အဖွဲ့အစည်းကြီး တစ်ခုလုံးသို့ ဦးတည်ပါသည်။

ဟိန္ဒူဘာသာဝင်တစ်ဦးနှင့် ဗုဒ္ဓဘာသာဝင်တစ်ဦးတို့သည် မိမိတို့တိုင်းပြည်ကြီး ငြိမ်းချမ်းသာယာစေဖို့ အတူမေတ္တာပို့ ဆုတောင်းပေးနေပါက ဘာသာတရားများ နှီးနှောဖလှယ်နေခြင်းဖြစ်ပါသည်။ ခရစ်ယာန်ဘာသာဝင်တစ်ချို့နှင့် ဗုဒ္ဓဘာသာဝင်တစ်ချို့တို့သည် အစ္စလာမ်စီးပွားရှင်တစ်ဦးအကူအညီနှင့် အေအိုင်ဒီအက်စ် (ကိုယ်ခံ

အားကျဆင်းခြင်း)ရောဂါသည်များကို ကြည့်ရှုကုသပေးနေကြပါက ဘာသာတရားနှီးနှောခြင်းဖြစ်ပါသည်။ တစ်ရပ်တစ်ရွာတည်း အတူနေထိုင်သူ ခရစ်ယာန်ဘာသာဝင်များနှင့် ဗုဒ္ဓဘာသာဝင်များတို့သည် မိမိတို့ရပ်ရေးရွာရေးမှာ အတူတစ်ကွ တက်ညီလက်ညီ ရွက်ဆောင်နေကြပါက သူတို့သည် နှီးနှောခြင်းပြုနေကြပါသည်။ တီဘီရောဂါသည်များ၊ ကင်ဆာရောဂါသည်များ၊ အနာကြီးရောဂါသည် များကို ဘာသာမရွေးစောင့်ရှောက် လုပ်ကိုင်ပေးနေပါက ထိုသူတို့ သည် ဘာသာတရား နှီးနှောဖလှယ်နေကြပါသည်။

အဘယ်ကြောင့်ဆိုသော် လူသားများအားလုံးအပေါ် မေတ္တာပွားကာ ကောင်းကျိုးချမ်းသာ သယ်ပိုးရွက်ဆောင်ခြင်းသည် ဘာသာတရားတိုင်း၏ အဆုံးအမ ဖြစ်သောကြောင့် ဖြစ်ပါသည်။ ဘာသာတရားတို့၏ မွန်မြတ်သန့်စင်ပြီး တူညီသော ထိုသဒ္ဓါတရား ကို အခြေခံထားကာ ဘာသာတရားအသီးသီးမှ ကြည်ညိုသူများ အတူရွက်ဆောင်နိုင်ပါသည်။ လူသားထုတစ်ရပ်လုံး တိုးတက်စည်ပင် စေရေးနှင့် ဒုက္ခအပေါင်းမှ လွတ်မြောက်စေဖို့ အတူတကွရုန်း ထွက်ခြင်းကို အတူပူးပေါင်းရွက်ဆောင်ခြင်းဖြင့် ဘာသာတရား အချင်းချင်းနှီးနှောဖလှယ်ခြင်းဟု ခေါ်ပါသည်။

ဤကဲ့သို့သော နှီးနှောဖလှယ်ခြင်းတွင် ဘာသာမရွေး၊ လူမျိုးမရွေး၊ ကျားမမရွေး အားလုံးပါဝင်လုပ်ဆောင်နိုင်ပါသည်။

ကလကတ္တားမြို့မှ ကက်သလစ်ဘာသာဝင် သီလရှင်မာသာရ်ထရေဇာက "ဘာသာတရားတစ်ခုကို ကြည်ညိုကိုးကွယ်ခြင်းကြောင့် တစ်ဦးအပေါ်တစ်ဦး မေတ္တာထားတတ်ကြရမည်ဖြစ်သည်။ တစ်ဦးအပေါ်တစ်ဦး မေတ္တာထားခြင်းကြောင့် (တစ်ပါးကောင်းကျိုးအတွက်) ပေးဆပ်အစေခံနိုင်ကြရပေသည်။ ပေးဆပ်အစေခံခြင်း ကြောင့်

လူသားတို့ ကမ္ဘာကြီး ငြိမ်းအေးချမ်းသာယာလာပေမည်”ဟု ဆုံးမဖူးပါသည်။

**၃) ကျွမ်းကျင်သူများ နှီးနှောဖလှယ်ခြင်း** (The Dialogue of Experts)

ဤနှီးနှောဖလှယ်ခြင်းသည် မိမိဘာသာတရားအကြောင်း ကျွမ်းကျွမ်းကျွမ်းကျင်ကျင် ရှိသူများအတွက်ဖြစ်ပါသည်။ မိမိ၏ ဘာသာတရားအကြောင်းကို တတ်သိကျွမ်းကျင်ရုံတင်မကဘဲ ကမ္ဘာ့ ဘာသာတရားများကို စိတ်ဝင်တစား လေ့လာမှတ်သားထားသူ များလည်း ဖြစ်ရပါမည်။

ထိုသူတို့အချင်းချင်းတွေ့ဆုံလျက် မိမိတို့ ဘာသာတရား၏ အဆုံးအမများနှင့် ဘာသာရေးအမွေအနှစ်များ၊ ဓလေ့ထုံးတမ်းတို့ကို အချင်းချင်းပြောပြ ဝေမျှကြခြင်းဖြစ်ပါသည်။ ထိုသို့ဝေမျှရာတွင် ဘာသာတရားများအားလုံးတွင် တူညီသောသွန်သင်ချက်နှင့် ယုံကြည် ချက်များကို အံ့သြစွာတွေ့မြင်လာကြမည်။ မတူညီသော သွန်သင် ချက်နှင့် ကြည်ညိုရာများတို့ကို မြင်တွေ့လာကြပြီး တန်ဖိုးထား လေး စားလာစေကြမည်ဟု ရည်စူးပါသည်။

ဘာသာတရားများနှီးနှောဖလှယ်ခြင်းသည် ယုံကြည်ခံယူ မှုမတူသူအသီးသီး ပါဝင်သော်လည်း စကားရည်လုပွဲတစ်ခုမဟုတ်ပါ။ စကားလုံးရွေးချယ်ရာမှအစ စိတ်နေစိတ်ထားအဆုံး နှိမ်ပြောလိုစိတ်၊ အနိုင်ယူလိုစိတ်နှင့် စောင်းပြောလိုစိတ်များ လုံးဝပါဝင်ကြပါ။ မိမိ စကားလုံးနှင့် ဓလေ့ထုံးတမ်းတို့ကို တင်ပြနေပါသော်လည်း ပြောလည်းပြော နားလည်းထောင်တတ်သည့် a two-way communication စိတ်ထားလိုအပ်ပါသည်။

“ငါဟာက အစစ်အမှန်ဖြစ်တယ်။ ငါ ယုံကြည်တာက မှန်တယ်။

သူ့တို့ဆီက လေ့လာမှတ်သားဖို့ထက် ငါတို့ကပဲ သူတို့ကို သင်ပေးရမယ်။ အဲဒီလူတွေ အားလုံးမှားနေကြတယ်”ဆိုသည့် အမှောင့်စိတ်ထားများ မပါဝင်ပါ။

မတူညီကြသော်လည်း တန်ဖိုးထားတတ်တာချင်းတော့ အတူတူဖြစ်ကြသည့် ယုံကြည်မှုများ ကိုယ်စီရှိကြတာမို့ ကိုယ်က ပညာပေးသင်ကြားဖို့မဟုတ်ဘဲ (not teaching) လေ့လာသင်ယူဖို့ (learning) ဆိုတာသာ အဓိကဖြစ်ပါသည်။ မိမိမသိသေးသည့်၊ မိမိ နားမလည်သေးသည့် ဘာသာတရားအကြောင်းကို တစ်ဖက်လူတွေ ဆီမှ လေ့လာမှတ်သားဖို့ ရည်ရွယ်ပါသည်။

မိမိ၏အတွေးအမြင်များ ပိုမိုမှန်ကန်လာစေဖို့ဖြစ်ပါသည်။ တစ်ဖက်စောင်းနင်းဖြစ်နေသော အတွေးအခေါ်နှင့်စိတ်ထားများ တည့်မတ်စေဖို့ ရည်ရွယ်ပါသည်။

## ၄) ဘာသာတရားအတွေ့အကြုံ နှီးနှောဖလှယ်ခြင်း (The Dialogue of Religious Experience)

ဘာသာတရားကိုင်းရှိုင်းသူများအချင်းချင်း ပြုလုပ်နိုင်သော နှီးနှောဖလှယ်ခြင်းဖြစ်ပါသည်။ မိမိဘာသာသာသနာတော်တွင်းတွင် ဘာဝနာစီးဖြန်းခြင်းဖြင့် ခံစားရမိသော စိတ်နှလုံးအေးချမ်းခြင်းကို ပြောပြပေးခြင်း၊ ဝေမျှပေးခြင်းတို့ကို ဘာသာတရားအတွေ့အကြုံ နှီးနှောဖလှယ်ခြင်းဟု ခေါ်ပါသည်။

“ဘုရားဝတ်ပြုခြင်းဖြင့် မိမိခံစားမိသော ထူးခြားသည့် အတွေ့အကြုံများကို ပြောပြ”နိုင်ပါသည်။ “မိမိအား မလိုမုန်းထားနေသူကို မိမိတရားဓမ္မ၏ အဆုံးအမနှင့် ခွင့်လွှတ်သီးခံလိုက်ခြင်းဖြင့် ငြိမ်းအေးသွားသော ရန်စအကြောင်း” ပြောပြနိုင်ပါသည်။ “တပါး သူအား

မေတ္တာရှေ့ထား ကူညီလိုက်ခြင်းဖြင့် ရလိုက်မိသော ရင်တွင်းမှ ပီတိ”ကို ဝေမျှ နိုင်ပါသည်။ “ကမ္ဘာ့ဌာမ်းထိုင်စဉ်က မိမိရရှိ ခံစားမိခဲ့သော ငြိမ်းအေး ချမ်းသာခြင်းကို တခြားဘာသာဝင်များနှင့် ပြောပြခံစားစေခြင်းမျိုး ပြုလုပ်နိုင်ပါသည်။

မလျှော့နဲ မပျောက်ဆုံး တန်ဖိုးလည်းမဖြတ်နိုင်သည့် သုခ စိုးစံရာ၊ အနိစ္စ ဒုက္ခ အနတ္တကင်းဝေးရာ၊ လောဘ ဒေါသမောဟ ကင်းစင်ရာ၊ တဏှာရာဂ အဝိဇ္ဇာ အမှောင်မှလွတ်ငြိမ်းရာ၊ လုံးဝဥဿုံ ပြည့်စုံသည့်အဖြစ်တော်သို့ အရောက်ပို့ဆောင်ပေးနိုင်သည့် လမ်းမြတ် တော်အကြောင်းကို ဝေမျှပေးနိုင်ပါသည်။

ဤသည်တို့သည် ဘာသာတရားအချင်းချင်း ဘာသာတရား အတွေ့အကြုံ နှီးနှောဖလှယ်ခြင်းလုပ်နိုင်သော သာဓကများဖြစ် ပါသည်။

သို့သော် ပါဝင်ကြသူအပေါင်းတို့က ဝေမျှခံစားချက်များကို အထူးနားလည်လေးစားကြဖို့ အရေးကြီးလှပါသည်။

နှီးနှောဖလှယ်ခြင်းမှာ ပါဝင်သူများကိုလေးစားရင်း သူတို့ အတွက် မိမိယုံကြည်ချက်များသည် အဆန်းဖြစ်နေမည်ဆိုတာ ကြိုတင်နားလည်ထားဖို့ လိုအပ်ပါသည်။ မိမိယုံကြည်ရာကို သက်သေ ခံရင်း တစ်ပါးသူများ၏ ယုံကြည်ချက်များကို လေးစားနားလည်ပေး ရပါသည်။

ဤကဲ့သို့သော နှီးနှောဖလှယ်ခြင်းသည် လူ့သားတို့ အကျွတ်တရားအတွက် အားဆေးတစ်ခွက်ဖြစ်ပါသည်။ မြင့်မြတ် သိမ်မွေ့လှသော ဘာသာတရားအဆုံးအမများ လူသားတို့ နှလုံး သည်းပွတ်တိုင် စီးစိမ့်တိုးဝင်သွားစေနိုင်ပါသည်။

☯ ☯ ☯ ☯ ☯

။ လေး ။

## ဘာသာတရားများ အချင်းချင်း
## နီးနှောဖလှယ်ရခြင်းမှာ

နိုင်ငံခြားသားများ ကျွန်တော်တို့နိုင်ငံကို လာလည်တာ နေ့စဉ်လို တွေ့မိကြမှာပါ။ ကျွန်တော်တို့လည်း သူတို့လိုပင် ကျောင်းပိတ် ရက်တွေ၊ ရုံးပိတ်ရက်တွေမှာ ငွေကုန်ခံ လူပင်ပန်းခံပြီး မရောက်ဖူး သေးသည့် တိုင်းနိုင်ငံများသို့ လိုက်လည်ချင်ကြပါသည်။

ဘာလုပ်ဖို့လဲဆိုပါက ဗဟုသုတတိုးဖို့၊ ထိုနိုင်ငံသားတို့၏ အနေအထိုင်၊ အစားအသောက်၊ ဝတ်စားဆင်ယင်ပုံနှင့် ယဉ်ကျေးမှုတွေကို လေ့လာဖို့ဖြစ်ပါသည်။

ထိုသို့ဆိုပါက ယဉ်ကျေးမှုနှင့် အဓိကပတ်သက်နေတာ ဘယ်သူတွေပါလဲ။

ထိုတိုင်းပြည်တွင်း မှီတင်းနေထိုင်ကြသော နိုင်ငံသားများ ဖြစ်ပါသည်။

ထိုနိုင်ငံသားတို့၏ ယဉ်ကျေးမှုအမွေအနှစ်ကြီးကို မည်သည့်အရာက ပုံသွင်းပေးနေတာပါလဲဟု ထပ်မေးရပါမည်။

အဖြေက "သူတို့ ယုံကြည်သက်ဝင်ရာဘာသာ" ဖြစ်ပါသည်။

တစ်နည်းဆိုရပါက

"လူမျိုးတစ်မျိုးကိုးကွယ်သည့် ဘာသာတရား၏ အဆုံး အမနှင့် ထုံးတမ်းစဉ်လာတို့သည်" ထိုလူမျိုးစု၏ ဓလေ့ထုံးတမ်းနှင့် ယဉ်ကျေးမှုကို လွှမ်းခြုံထားလေ့ ရှိပါသည်။

ထို့ကြောင့် တစ်ပါးသူများနှင့်အတူ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်လိုပါက သူတို့ယုံကြည်သက်ဝင်ရာများကို အသိအမှတ်ပြုလေ့လာဖို့ လိုအပ်လှပါသည်။

စိတ်မချမ်းမြေ့ဖွယ်ရာ ဘာသာရေးအငြင်းပွားမှုများ၊ ဝေဖန်တိုက်ခိုက်မှုများ မကြာခဏကြားနေရပါသည်။ ဘာသာရေး အယူသီးမှုများ၏ ဆိုးကျိုးများ ဖြစ်ကြပါသည်။

ထိုသို့ဖြစ်ရခြင်းမှာ

ဘာသာရေးဗဟုသုတ မရှိမှုကြောင့် ဖြစ်ပါသည်။ တိုင်းပြည်တစ်ပြည်တွင် လူမျိုးစုအသီးသီး မှီတင်းနေထိုင်လေ့ရှိကြပါသည်။ ထိုလူမျိုးစုများတွင် အယူအဆကွဲပြားသလို ကိုးကွယ်သည့် ဘာသာတရားများလည်း ကွဲလေ့ရှိပါသည်။ အခြေအနေအကြောင်းကြောင်းအပေါ်မူတည်ကာ မိရိုးဖလာ ယုံကြည်ကိုးကွယ်မှုများရှိသလို ကမ္ဘာ့ဘာသာကြီးများလည်း နိုင်ငံတွင်းမှာ စွဲစွဲမြဲမြဲအမြစ်တွယ်ပြီး ထွန်းကားလေ့ရှိပါသည်။

တိုင်းပြည်တွင်း မှီတင်းနေထိုင်ကြသူအပေါင်းသည် ထိုဘာသာတရားများအကြောင်း လေ့လာခွင့်ရနိုင်ရပါမည်။ သင်ယူနားလည်ဖို့ အခွင့်အလမ်းလည်း မဖြစ်မနေ ရှိရပါမည်။ နေ့စဉ်မြင်တွေ့နေရသော ဘာသာတရားများကြောင်း သိထားသင့်ပါသည်။ အတူလုပ်ဖော်ကိုင်ဖက်တို့၏ ကြည်ညိုကိုးကွယ်ရာတို့ကို သဘောပေါက်ထားသင့်ပါသည်။ ဘာသာတရားအသီးသီးတို့၏ အဆုံးအမ တို့ကို

ကြားဖူးထားသင့်ပါသည်။ ဘာသာတရား အသီးသီးတို့၏ ကြွယ်ဝလှသော အမွေအနှစ်များကို နားလည်ထားသင့်ပါသည်။

ဘာသာတရားများအကြောင်း လေ့လာခွင့်လည်းမရ၊ နားလည်သိရှိလာအောင်လုပ်ဖို့လည်း ကိုယ်တိုင်၌က စိတ်မပါကြ ပါလျှင် ထိုတိုင်းသူ ပြည်သားတို့သည် ဘာသာတရား ဗဟုသုတ ခေါင်းပါးကြပေမည်။ လေးနက်မှုကင်းသည့် အပေါ်ယံလောက်ကိုသာ သဘောပေါက်သိရှိကြပေမည်။ ကြားဖူးနားဝ အဆင့်နှင့်သာ ကျေနပ်နေကြပေလိမ့်မည်။

ထိုအခါ ဘာသာတရားများကို တန်ဖိုးထားရကောင်းမှန်း မသိကြတော့ချေ။ ဘာသာတရားတို့၏ သွန်သင်ချက်အမှန်ကိုလည်း မသိကြတော့ပေ။ နောက်ဆုံးတွင် တစ်ဘာသာနှင့် တစ်ဘာသာ နားလည်လွဲမှုများ (Misconceptions) ဖြစ်လာရပါသည်။

ဥပမာ - မြန်မာပြည်တွင်းမှီတင်းနေထိုင်ကြကုန်သည့် မြန်မာ ခရစ်ယာန်များကို ကြည့်ပါ။ ခရစ်ယာန်များသည် မွေးကတည်းက ဗုဒ္ဓဘာသာဝင်များအကြားမှာ ကြီးပြင်းကြသည်။ ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက ဗုဒ္ဓဘုန်းကြီးများကို မြင်နေရ၏။ ဘုန်းကြီး များ၏ တရားဟောသံကို နေ့စဉ်လို ကြားခွင့်ရ၏။ ဗုဒ္ဓဘာသာ ပွဲတော်များကိုလည်း မြင်တွေ့ခွင့်ရကြသည်။ ကိုယ်တိုင်လည်း ပါဝင်ခဲ့ ကြဖူးလေသည်။

ဆွေမျိုးသားချင်းများမှာလည်း ဗုဒ္ဓဘာသာဝင်များဖြစ်၏။ ကျောင်းနေဖက် သူငယ်ချင်းများလည်း ဗုဒ္ဓဘာသာဝင်များဖြစ်သည်။ အလုပ်မှာလည်း ဗုဒ္ဓဘာသာဝင်များနှင့် အတူလုပ်ကိုင်သည်။ အား အကိုးရဆုံးနှင့် အရင်းနှီးဆုံး မိတ်ဆွေများမှာလည်း ဗုဒ္ဓဘာသာ ဝင်များဖြစ်ကြ၏။ တချို့မိသားစုများတွင် ခင်ပွန်း သို့မဟုတ် ဇနီးမှာ

ဗုဒ္ဓဘာသာဖြစ်၏။ ကိုယ့်ဘာသာကိုယ်ကိုးကွယ် သူ့ဘာသာသူ ကိုးကွယ်ဆိုကာ လွတ်လွတ်လပ်လပ် အိမ်ထောင်ပြုကာ နေထိုင်ခဲ့ကြသည်။

သို့သော် ထိုမြန်မာခရစ်ယာန်များသည် ဗုဒ္ဓဘာသာကို ဘယ်လောက် နားလည်ပါသလဲဟု မေးကြည့်ပါက သေချာနားလည်သူဆိုလို့ ရှားရှားပါးပါးပါပေ။ ကြားဖူးနားဝသာဖြစ်၏။ ဗုဒ္ဓဘာသာ ဆိုတာ ဟိုလိုပါ၊ သည်လိုပါ၊ စသည့် အပေါ်ယံသဘောလောက်သာ သိထားကြလေသည်။ ဗုဒ္ဓဘာသာဝင်များ ဘာကို ယုံကြည်ကြသည်။ ဗုဒ္ဓတရားတော်က ဘယ်လို။ ဗုဒ္ဓဘာသာဝင်များ ဘာကို မျှော်လင့်ကိုးကွယ်ကြသည်ဆိုတာကို ကွဲကွဲပြားပြား ပြောမပြနိုင်ကြပေ။

ဥပမာ ဗုဒ္ဓဘာသာမှ နိဗ္ဗာန်ရောက်ကြောင်းတရားကို မြန်မာခရစ်ယာန်များ မကြာခဏကြားနာဖူးကြသည်။ သို့သော် နိဗ္ဗာန် ဆိုတာကို ခရစ်ယာန်များ သေချာနားမလည်ကြပေ။ "နိဗ္ဗာန်ဆိုတာ ကုန်ဆုံးခြင်း၊ ပျောက်ကွယ်ခြင်း၊ ချုပ်ငြိမ်းခြင်း၊ ဘာမျှမရှိတော့ခြင်း၊ ဗလာနတ္ထိ ဖြစ်ခြင်း" စသည့် စကားလုံး၏ အဓိပ္ပါယ်လောက်သာ သိကြ၏။ သည့်အပြင်မသိနားမလည်ကြချေ။ ချုပ်ငြိမ်းတယ်ဆိုတာ ဘာတွေချုပ်ငြိမ်းတာလဲ။ ဘာတွေ မရှိတော့တာလဲ။ ဘာတွေ ပျောက်သွားတာလဲဆိုရာများကိုတော့ မသိကြတော့ချေ။ သိအောင်လုပ် ဖို့လည်း စိတ်မဝင်စားချေ။ နားလည်အောင်လုပ်ဖို့လည်း မကြိုးစား ကြချေ။ အပေါ်ယံ သဘောလောက်နှင့်သာ ကျေနပ်နေကြ၏။

ဗုဒ္ဓဘာသာဝင်များလည်း ထို့နည်းတူပင်ဖြစ်ကြ၏။ တိုင်းပြည်တွင်းရှိ ကမ္ဘာ့ဘာသာကြီးတစ်ခုဖြစ်သည် ခရစ်ယာန်ဘာသာကို စိတ်မဝင်စားကြချေ။ လေ့လာလိုစိတ်လည်း မရှိကြချေ။ မိမိဘာသာတရားနှင့်သာ ကျေနပ်ကာ တခြားဘာသာများကို လစ်လျူ

ရှုထားကြ၏။ ထိုအခါ “ခရစ်ယာန်ဘာသာဆိုတာ ကြားပဲကြားဖူး တယ်။ ဘာလဲဆိုတာ မသိပါဘူး။” “ခရစ်ယာန်ဘာသာဝင်တွေဟာ နိုင်ငံခြားသားတွေ”။ “မြန်မာလူမျိုးမှန်ရင် ဗုဒ္ဓဘာသာဝင် ဖြစ်ရမယ်”။ စသည်ဖြင့် တစ်ဖက်သတ် တစ်ယူသန်စွပ်စွဲရင်း မှားယွင်းစွာ ပြောဆိုနေကြပေတော့သည်။ မှန်ကန်သည့်သွန်သင်ချက်များနှင့် စစ်မှန်သည့် အဖြစ်သနစ်များကို မသိကြတော့ချေ။

ဘာသာတရားများကို လေ့လာသင်ယူကာ နားလည်မှု မရှိတာကြောင့် မိမိယုံကြည်ရာဘာသာအပြင် တစ်ပါးသူ၏ ယုံကြည်သက်ဝင်ရာများကို နားလည်မှုလွဲရခြင်းသာဓကများ ဖြစ်ပါသည်။ မိမိဘာသာကို အထင်ကြီးပြီး တစ်ခြားဘာသာများကို အထင်သေးရခြင်းဥပမာများ ဖြစ်ပါသည်။။

ထိုနားလည်လွဲမှုကြောင့် အထင်သေးခြင်း၊ အငြင်းပွားခြင်း၊ အယူသီးခြင်း၊ ဝေဖန်တိုက်ခိုက်ခြင်းများ ဖြစ်လာကြကုန်၏။

ထိုအဖြစ်အပျက်များ နိုင်ငံအတော်များများမှာ ဖြစ်နေကြပါသည်။ ဘာသာတရားများကို တန်ဖိုးထားနားလည်ခွင့် မရှိခြင်းကြောင့် ဖြစ်ပါသည်။ အမှန်ပင် စိတ်မချမ်းမြေ့စရာ ဖြစ်ပါသည်။ တစ်ဦးချင်းကနေ တစ်ဖွဲ့ချင်း၊ တစ်ဖွဲ့ချင်းကနေ တစ်စုချင်း တိုးပြီး ဖြစ်နေတယ်။ လူသားထုတစ်ခုလုံး၏ ဒုက္ခ ဖြစ်ပါသည်။

ထို့ကြောင့် အသိတရားအပြည့်နှင့် လူတိုင်း အားစိုက်ထုတ်ဖို့ လိုအပ်ပါသည်။

မိမိယုံကြည်သက်ဝင်ရာ ဘာသာတရားကို သေသေချာချာ နားလည်ဖို့ ကြိုးစားရပါမည်။ ထိုသို့ သေသေချာချာ ဂဃနဏ နားလည်မှုကနေ တစ်ပါးသူ၏ ကြည်ညိုသက်ဝင်ရာများကိုလည်း သဘောပေါက်နားလည်ဖို့ လေ့လာပေလိမ့်မည်။

ဘာသာတရားတိုင်းကို "ငါ့ဘာသာနဲ့ အတူတူပါပဲကွာ" ဟု အလွယ်တကူ သဘောမတူဘဲ ဘာသာတရားဗဟုသုတပွားဖို့ လူတိုင်း လေ့လာဆည်းပူးရပါမည်။

တစ်ပါးသူ၏ ဘာသာတရားကို စိတ်မဝင်စားခြင်းသည် မိမိ ကို ထိုဘာသာအဖွဲ့အစည်းကနေ ဝေးကွာစေပါသည်။ "ငါနဲ့ မဆိုင် ပါဘူးကွာ"ဟု သဘောပိုက်စေသည်။ "သူတို့ရဲ့ ဘာသာတရားက ငါတို့ကိုဘယ်လိုမှ မထိခိုက်ပါဘူး။ ငါတို့ ဘာလုပ်စရာလိုသလဲ" စသည်ဖြင့်ခံယူလာစေသည်။

ထိုစိတ်မဝင်စားခြင်းများက အတူယှဉ်တွဲနေထိုင်ခြင်းကို ပျက်ပြားစေပါသည်။ တစ်ပါးသူ၏ ဘာသာတရားနှင့်ယုံကြည်ရာကို စိတ်မဝင်စားခြင်းများကနေ ထိုဘာသာကို ရွံရှာမုန်းတီးစေပါသည်။

"သူတို့တစ်တွေဟာ အမှန်တရားကို မတွေ့ရသေးဘူး။" ဟုလည်း အယူသည်းနေကြပေမည်။

"မိမိဘာသာတရားကသာလျှင် မှန်တယ်။ သာတယ်။ ပိုကောင်းတယ်" ဆိုသည့် စိတ်ထားများပွားလာစေပါသည်။ ထိုအခါ တခြားဘာသာများကို နှိမ်ချင်လာကြလေသည်။

"မင်းတို့ ဘာသာက မမှန်ဘူး။ မှန်တာကငါ့ရဲ့ဘာသာ"ဟု ဆိုချင်လာကြပေသည်။ "မင်းတို့ ငါ့ပြည်၊ ငါ့ရွာမှာနေရင် ငါ့ ဘာသာကိုပဲ ကိုးကွယ်ရမယ်" ဆိုကာ ဘာသာကို လက်ဝါးကြီး အုပ်ချင်လာကြပေမည်။

ထိုစိတ်ထားများ ပြုပြင်သင့်ပါသည်။ ဘာသာတရားများ အချင်းချင်း နှီးနှောဖလှယ်ခြင်းသည် လူသားထုတစ်ခုလုံးကို အကျိုးပွားစေပါသည်။ ကမ္ဘာကြီး ပေါ်မှ မနှစ်မြို့ဖွယ် အနိဋ္ဌာရုံများကို အောင်မြင်စေနိုင်ပါသည်။

ကမ္ဘာ့လူထုကြီးကို အန္တရာယ်ဖြစ်စေသည့် ဘာသာရေး

အငြင်းပွားမှုများ ရပ်တန့်စေဖို့ စိတ်နှလုံးကောင်းရှိသူများကို ကမ္ဘာ့လူထုကြီးက ကြိုဆိုနေပါသည်။

ဆင်းရဲငတ်မွတ်ခြင်းများ၊ ရန်ငြိုးထား အမုန်းပွားနေခြင်းများ၊ ခိုက်ရန်ဖြစ်ပွားခြင်းများ၊ စစ်ပွဲနှင့် ယှဉ်ပြိုင် အနိုင်ယူခြင်းများ အဆုံးသတ်စေဖို့ ကမ္ဘာ့ဘာသာကြီးများ အချင်းချင်း အတူတကွ နှီးနှောဖလှယ်ကြရပါမည်။

ကမ္ဘာ့ဘာသာကြီးများသည် နိုင်ငံတိုင်းမှာ စွဲစွဲမြဲမြဲအမြစ် တွယ်ပြီး ရှိနေတတ်ပါသည်။ ထို့ကြောင့် ဘာသာကြီးများ၏ ယုံကြည်ရာများကို စာသင်ကျောင်းများ၊ တက္ကသိုလ်နှင့် ကောလိပ် များမှာ သင်ခန်းစာတစ်ခုအဖြစ် သင်ကြားပေးရန် လိုအပ်ပါသည်။ ရဟန်းဖြစ်ကျောင်းများနှင့် ဘုရားစကားတန်းများမှာလည်း သင်ရိုးညွှန်းတမ်းထည့်ဝင်ကာ သင်ကြားပေးသင့်လှပါသည်။

ဘာသာရေးအသင်းများမှ ကျွမ်းကျင်သောဆရာများ၊ သိက္ခာရများ၊ ဘုန်းကြီးများကို ဖိတ်ကြားကာ မိမိတို့ ဘာသာဝင်များကို ဗဟုသုတဖြစ် ဓမ္မတရားများ ဟောကြားစေသင့်ပါသည်။ ထိုသို့ တစ်ခြားဘာသာမှာ တစ်ဦးဦးက မိမိတို့ဘာသာဝင်များသို့ ဝင်ရောက်ပြောပြရှင်းပြပါက မိမိတို့ဘာသာဝင်များ သူတို့နောက် ပါသွားလိမ့်မည်ဟု တစ်ချို့လူများ အထင်မှားနေတတ်ကြပါသည်။ အမှန်မှာ ထိုသို့မဟုတ်ပါ။ တစ်ပါးသူ၏ ယုံကြည်ရာများကို သဘောပေါက်ခြင်းအားဖြင့် မိမိယုံကြည်ရာဘာသာမှာ ပိုမိုစွဲမြဲ စေပါသည်။

ထို့အပြင် ဘာသာတရားအသီးသီး၏ စစ်မှန်သော သွန်သင်ရာများကို လေ့လာသိရှိလာခြင်းအားဖြင့် လူတိုင်းလူတိုင်းသည် မိမိအသိုက်အမြုံမှ ကြွယ်ဝလှသည့် ဘာသာရေးအမွေအနှစ်များကို နားလည်သဘောပေါက်ပြီး လေးစားလာပါလိမ့်မည်။

အပြုသဘောဆောင်သည့် ဆက်ဆံခြင်း၊ အလေးထား နားလည်ခြင်းများကသာ ဘာသာဝင်များအကြား ပွင့်လင်းသည့် စည်းလုံးမှုများ ဖြစ်ပေါ်လာပါလိမ့်မည်။

ပွင့်လင်းသည့် စည်းလုံးညီညွတ်ခြင်းဖြင့်သာ ကျွန်တော်တို့ လူသားစုကမ္ဘာကြီး ငြိမ်းချမ်းပေလိမ့်မည်။ ဤသည်မှာ လူသားတို့ ဦးထိပ်ထားကိုးကွယ်ကြသည့် ဘာသာတရားများ၏ အနှစ်သာရ လည်း ဖြစ်ပါတော့သည်။

⇨ ⇨ ⇨ ⇨ ⇨

## ၊ ငါး ၊

# တစ်ခရီးတည်းသွားနေကြသည့် ဘုရားဖူးညှော်သည်များ

အာရှတိုက်ကြီးသည် ကမ္ဘာ့အကြီးဆုံးတိုက်တစ်ခုဖြစ်ပါသည်။ ကမ္ဘာ့လူဦးရေ၏ (၄)ပုံ (၃) ပုံခန့်သည်လည်း အာရှတိုက်ပေါ်မှာ နေထိုင်ကြပါသည်။

ထို့အပြင် ဟိန္ဒူဘာသာ၊ ဗုဒ္ဓဘာသာ၊ ဂျူးဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ရှင်တိုဘာသာ၊ ကွန်ဖြူးရှပ်ဘာသာ၊ ဂျိမ်းဘာသာ၊ ဇိုရိုဘာသာအစရှိသည့် ကမ္ဘာ့ဘာသာကြီးများ စတင်ထွန်းကားရာ နေရာလည်း ဖြစ်ပါသည်။

ထိုဘာသာကြီးများက အာရှတိုက်သားတို့၏ ယဉ်ကျေးမှုကို လွှမ်းမိုးနေကြပါသည်။ အာရှတိုက်သားများ၏ အသက်တာကို အဓိပ္ပါယ်ရှိစေပြီး တိကျသေချာသည့် အနာဂတ်တစ်ခုဆီသို့ ပို့ဆောင်ပေးနေကြပါသည်။

သည့်အပြင် Religious fundamentalism ဟုခေါ်သည့် ဘာသာရေးအယူသီးမှုများလည်း ဤတိုက်ကြီးပေါ်မှာ ဖြစ်ပေါ်နေကြ

ပြန်ပါသည်။

ဘာသာအယူအဆများ ဘယ်လိုပင်ကွဲနေပါစေ၊ ကမ္ဘာ့လူသားအားလုံးဟာ အမှန်တရားနှင့် လုံးဝဥဿုံပြည့်စုံသည့် (Ultimate Reality) အမြင့်ဆုံးအဖြစ်တော်ကို ရှာဖွေနေသည့် ဘုရားဖူးခရီးသွားတစ်ဖွဲ့ပဲဖြစ်ပါသည်။ အားလုံးမှာလည်း သူတို့ကိုယ်ပိုင်ယုံကြည်ရာများ၊ ပညတ်ချက်များ၊ ဝတ်ပြုကိုးကွယ်နည်းများ၊ တရားဓမ္မများ၏ အဆုံးအမများ ကိုယ်စီရှိကြပါသည်။

ကိုးကွယ်မှုဘာသာတရားအချင်းချင်း နှီးနှောဖလှယ်ကြပြီး ကမ္ဘာ့လူ့အဖွဲ့အစည်းကြီးတစ်ခုလုံးကို အကျိုးပြုနေဖို့သည်လည်း အရေးကြီးလှပါသည်။

ကမ္ဘာ့ဘာသာကြီးများမှာ တူညီသည့်အချက်များကို အထက်က တင်ပြခဲ့ပါပြီ။ ထိုတူညီကြသည့်အချက်တွေ၊ ယုံကြည်ရာတွေထဲမှာ " Way (သို့မဟုတ်) Journey (သို့မဟုတ်) Path"၊ မြန်မာလို "လမ်း၊ ခရီး" စကားလုံးကို ဘာသာကြီးများအားလုံးမှာ သုံးကြတာကို စိတ်ဝင်စားဖွယ် တွေ့ရပါသည်။

ဥပမာ - ရှေးဦးခရစ်ယာန်များကို " the people of the Way " လမ်းမြတ်တော်ပေါ်လျှောက်လှမ်းနေသူများ" ဟုခေါ်ကြပါသည်။ ("လမ်းမြတ်တော်"သည် ခရစ်တော်ဘုရားရှင်ကို ရည်ရွယ်ပါသည်။) အစ္စလာမ်ဘာသာမှာလည်း "လမ်းမြတ်တော်"သည် လူတိုင်းလိုက်လျှောက်ရာဟု သင်ကြားပါသည်။ ဟိန္ဒူဘာသာတရားမှာလည်း ကယ်တင်ခြင်းနှင့် လွတ်လပ်ခြင်းအတွက် "လမ်းမြတ် (၃) သွယ်"ဟု သင်ပါသည်။ ဗုဒ္ဓဘာသာတော်မှာလည်း နိဗ္ဗာန်ရောက်ရာ မဂ္ဂင်ရှစ်ပါးကို "Path" "လမ်းတော်"ဟု သင်ကြားပါသည်။ ကွန်ဖြူးရှပ်ဘာသာမှာ "လူသားထု၏လမ်းသည်" "The way of hu-

manity" ကောင်းကင် လမ်းတော်ကို" "The way of Heaven" လိုက်ရမည်ဟုဆိုပါသည်။ ဂျပန်နိုင်ငံက ရှင်တိုဘာသာမှာ ဘာသာတရားကို "The way of the gods" "ဘုရားများ၏လမ်း" ဟု ဆိုကြ ပါသည်။

အာရှတိုင်းနိုင်ငံများ၏ ဘာသာတရားများအချင်းချင်း ဆက်နွယ်နေမှုကို ထို Way or Path (သို့မဟုတ်) "လမ်း၊ ခရီး" စကားလုံးကိုသုံးပြီး ရှင်းပြလိုပါသည်။

အကယ်၍ ကမ္ဘာ့ဘာသာအသီးသီးမှ လူတစ်ယောက်စီတိုင်းသည် ဒုက္ခအပေါင်းမှလွတ်မြောက်ရာ၊ အကျွတ်တရားလမ်းပေါ်မှာ လျှောက်နေကြပါသည်ဟုဆိုပါလျှင် ယုံကြည်ရာများ၊ ဝတ်ပြုကိုးကွယ်မှုများနှင့် ပညတ်ချက်များအားလုံးသည် ထိုဘာသာတိုင်းကလူများ ထိုလမ်းမပေါ်သွားနေစဉ်သုံးသည့် ယာဉ် (Vehicle)နှင့် ခိုင်းနှိုင်းပြောဆိုနိုင်ပါမည်။

ခရစ်ယာန်ဘာသာသည် ခရစ်ယာန်များအားလုံးကို အမြင့်ဆုံးအဖြစ်တော်သို့ ပို့ဆောင်ပေးနေသည့် ယာဉ်တစ်ခု ဖြစ်ပါသည်။ ခရစ်ယာန်များသည် ခရစ်ယာန်သာသနာတော်ထဲမှာ ရှိနေရင်း အာရှတိုက် တစ်တိုက်လုံးပေါ်မှ တခြားလူများသည်လည်း သူတို့၏ဘာသာ (သို့မဟုတ်) ယာဉ်ကိုစီးပြီး ခရီးတစ်ခုပြုနေကြသည်ဟု နားလည်ရပါမည်။

ထို့အတူ ဗုဒ္ဓသာသနာတော်သည် ဗုဒ္ဓဘာသာဝင်များကို အမြင့်ဆုံးအဖြစ်တော်သို့ ပို့ဆောင်ပေးသည့်ယာဉ်ဖြစ်ပါသည်။ ဗုဒ္ဓသာသနာတော်ယာဉ်ကြီးကိုစီးရင်း တခြားလူများလည်း သူတို့ကိုယ်ပိုင်ယာဉ်များကိုစီးကာ ခရီးတစ်ခုအတူပြုနေသည်ဟု လက်ခံရပါမည်။

လမ်းဆုံးပန်းတိုင်ရောက်အောင် ပို့ပေးမည့်ယဉ်ကို ထိုခရီးသွားများအားလုံးက မိမိစိတ်တိုင်းကျ ရွေးချယ်စီးနင်းနေကြပါသည်။

စီးနင်းလိုက်ပါနေကြသည့် ယဉ်များအသွယ်သွယ်ရှိကြသော်လည်း ခရီးဆုံးမှတ်တိုင်မှာ အတူတူပင်ဖြစ်ပါသည်။

ဘာသာတိုင်းက ထိုခရီးသွားလမ်းမကြီးကို အမည်နာမ အမျိုးမျိုးပေးကြပါသည်။ ခရီးဆုံးမှတ်တိုင်ကိုလည်း ကင်ပွန်းအမျိုးမျိုး တပ်ကြပါသည်။ မည်သို့ပင်ဖြစ်စေ အမှန်တရားဆိုသည်မှာ တစ်ခု တည်းပင်ဖြစ်ပါသည်။ သို့သော် ပညာရှင်များ၏ အဓိပ္ပါယ် ဖွင့်ဆိုမှု အပေါ်မူတည်ကာ စကားလုံးများသာ ကွဲနေကြခြင်းဖြစ်ပါ သည်။

ပို့ဆောင်ယာဉ်များ၏ (model) မော်ဒယ်များအမျိုးမျိုး ရှိနိုင် ပါသည်။ ထိုယာဉ်များ၏အစွမ်းနှင့် လုပ်ဆောင်နိုင်မှုများသည် လည်း အမျိုးမျိုးရှိတတ်ပါသည်။ ဘာသာကြီးများ၏ တူညီချက်နှင့် ကွာခြားချက်များသည် (high way) လမ်းမကြီးပေါ်မှာ တစ်စီ တစ်တန်းပြေးနေသည့် မော်တော်ယာဉ်များလိုပင် အမျိုးမျိုးရှိ တတ်ပါသည်။ ဥပမာ - ကားတစ်မျိုးသည် မြေပြင်မှာအရှိန်နှင့် ပြေးနိုင်သော်လည်း တောင်တက်နှေးတတ်ပါသည်။ တချို့ကားက ကြီးပြီး တချို့ကသေးပါသည်။ အမြဲတမ်းပြုပြင်ထားသဖြင့် တချို့က သစ်နေသော်လည်း တချို့ကပြုပြင်ဖို့လိုအပ်နေပါသည်။

ထို့ကြောင့် ဘယ်ယာဉ်ကဖြင့် "ကောင်းတယ်" ဘယ် ယာဉ်ကဖြင့် "ပိုကောင်းတယ်" ဟု ကျွန်တော်တို့မပြောနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် "ကောင်းတယ်"၊ "ပိုကောင်းတယ်"ဟု ဆိုရာမှာ ဘာကိုကြည့်ပြီးပြောတာကို အတိအကျမသိရ၍ဖြစ် ပါသည်။ "တောင်တက်ကောင်းတာကို ကြည့်ပြောတာလား"၊ "အရှိန် များများနဲ့ သွားနိုင်တာကို ဆိုလိုတာလား" မသဲကွဲ၍ဖြစ်ပါသည်။

ခရီးဆုံးကိုအာမခံပြီး လုံလုံခြုံခြုံအရောက်ပို့ပေးနိုင်သည့် စံချိန်ကိုကြည့်ပြီးပြောမည်ဆိုပါက ထိုကားများအားလုံး ကောင်းကြ

ပါသည်။

ခရီးသွားလမ်းပေါ်မှာရှိနေစဉ် မည်သူတစ်ဦးတစ် ယောက် ကမှ မိမိစီးလာသည့်ယာဉ်ကိုမှီပြီး မကြွားသင့်ပါ။ လမ်းခရီး အဆုံး မှတ်တိုင်ရောက်ဖို့ကသာ အဓိကကျတာကြောင့် ဖြစ်ပါသည်။

တစ်ခရီးတည်းသွားနေကြသည့် ဘုရားဖူးဧည့်သည်များ ဖြစ်သောကြောင့် ဘာသာတရားအချင်းချင်းနိုးနှောခြင်းသည် အင်မတန် အရေးကြီးလှပါသည်။ ထိုသို့အချင်းချင်းနိုးနှောဖလှယ် ခြင်းဖြင့် အတူခရီးသွားဖော်များနှင့် ရင်းနှီးခွင့်၊ စကားစမြည်ပြောခွင့် ရကြပါလိမ့်မည်။

ထိုအခါ "ယာဉ်မတူဘူး"ဆိုသည့် အယူသန်မှုများ ပျောက် ကွယ်သွားပါလိမ့်မည်။ မိမိယာဉ်ကို အထင်ကြီးပြီး တခြားယာဉ်ကို အထင်သေးစိတ်၊ အမြင်မှားစိတ်နှင့် အထင်လွဲမှုများ ပပျောက်နိုင် ပါလိမ့်မည်။

⇨ ⇨ ⇨ ⇨ ⇨

## ခြောက်

### ဘာကြောင့် ကိုးကွယ်မှုဘာသာတရားအချင်းချင်း နီးနေ့ာဖလှယ်ဖို့ လိုအပ်ပါသလဲ။

ပထမဦးစွာ အခြေခံသဘောတရားသည် တစ်မျိုးတစ်ခုတည်း သာမက အမြောက်အများရှိပြီး၊ ချဉ်းကပ်ပုံများ အမျိုးမျိုးများပြားခြားနား ကြသည်ဟု လက်ခံသောကြောင့်ဟု ဆိုချင်ပါသည်

ဥပမာပြရပါက အတွေးအခေါ်ပညာရှင်ကြီး ကော့ပဲနီကူ့စ်က "ကမ္ဘာမြေကြီးဟာ စကြဝဠာကြီးရဲ့ ဗဟိုမဟုတ်ပါ"ဟုဆိုသောအခါ စကြဝဠာကြီးနှင့်ဆိုင်သည့် သဘောတရားများတွင် သူ့ချဉ်းကပ်ပုံသည် ရှေးယခင်က ပညာရှင်များနှင့် ကွဲပါသည်။ တစ်ဖန် ဈူတန်က "ကမ္ဘာမြေကြီးဟာ လုံးပြီး သူ့မှာ လူမျက်စေ့နှင့်မမြင်နိုင်သည့် ဆွဲအား ရှိတယ်"ဟု ဆိုပါသည်။ ကမ္ဘာမြေကြီးနှင့်ဆိုင်သည့် အခြေခံ သီအိုရီများတွင် သူ့အဆိုသည် ရှေးယခင်က ပညာရှင်များ၏ ယူဆ ချက်များနှင့် မတူတော့ပါ။

ကျွန်တော်တို့အနေနှင့်လည်း ကမ္ဘာစကြဝဠာကြီး၏ အခြေခံ သဘောတရားများ မြောက်များစွာ ရှိနေသေးပါလားဟု သိလာရ ပါသည်။

ချဉ်းကပ်ပုံများ၊ လေ့လာပုံများအပေါ်မူတည်ကာ အဖြစ် မှန်တွေ ြမောက်မြားစွာရှိနေကြတာကို သိလာရပါသည်။

အဘယ့်ကြောင့် ကိုးကွယ်မှုဘာသာတရားအချင်းချင်း နှိုးနှောဖို့ လိုအပ်ပါသလဲဆိုပါက ကိုးကွယ်ရာဘာသာတရားများ အမြောက်အများ ရှိနေသောကြောင့် (many religions)ဖြစ်ပါသည်။

"ဘာ့ကြောင့် တစ်ခုတည်းမဟုတ်ပဲ မြောက်များစွာ ရှိနေရတာလဲ။"

အထက်ပါမေးခွန်းအတွက် အဖြေနှစ်ခုပေးနိုင်ပါသည်။ ပထမအဖြေကတော့ တန်ခိုးတော်အနန္တ၊ ဘုန်းတော်အနန္တအရှင် ဘုရားအရှင်ကို ကျွန်တော်တို့ ပြည့်ပြည့်ဝဝနားမလည်နိုင်သော ကြောင့် ဖြစ်ပါသည်။ ဒုတိယအဖြေမှာ ဘုရားရှင်သည် မိမိ ဘုန်းတော်ကို ကျွန်တော်တို့ လူသားများ နားလည်နိုင်စွမ်း သလောက်သာ ဖေါ်ထုတ်ပြသတော်မူ ပါသည်။ ကိုယ်တော်မြတ်၏ တရားတော်ကိုလည်း လူ့စကားနှင့်သာ မိန့်ကြားဆုံးမတော်မူ သောကြောင့် ဖြစ်ပါသည်။

အဘယ့်ကြောင့် ကိုးကွယ်မှုဘာသာတရားအချင်းချင်း နှိုးနှောဖို့ လိုအပ်ပါသလဲဆိုသည့် တတိယအချက်မှာ (religion as response) ကိုးကွယ်မှုဘာသာဆိုသည်မှာ ဘုရားရှင်၏တရားတော် အစုစုကို လူသားတို့က ကြည်ညိုလေးစွာ ယုံကြည်လက်ခံခြင်း ဖြစ်ပါသည်။ ဘုရားကိုယ်တော်တိုင် မိန့်ကြားဆုံးမရာများကို လူများက လက်ခံယုံကြည်ခြင်း ဖြစ်ပါသည်။ လူသားတို့၏ ယုံကြည်မှုသည် သူတို့နားလည်မှု အတိုင်းအတာအပေါ်မှာ မူတည်ပါသည်။

သည့်အပြင် ထိုတရားတော် စတင်ရောက်ရှိထွန်းကားရာ နေရာဒေသ၊ အသုံးအနှုန်းစကားလုံးနှင့် ဓလေ့ထုံးတမ်းများသည် လည်း တရားတော်နှင့်အတူ ခွဲခြားမရအောင် တွဲလျက်ပါဝင် လာလေ့ပါသည်။ ထိုအခါ တစ်ဘာသာနှင့် တစ်ဘာသာ သွန်သင်ရာ

အချက်တစ်ချက်တည်းကိုပင် ခေါ်ဝေါ်သုံးနှုန်းသည့် စကားလုံးများ ကွဲနေတတ်ကြပါ သည်။ သုံးဆွဲရာ ဥပမာ၊ ဥပမေယျများသည်လည်း တူမယောင်နှင့် ကွဲနေတတ်ကြပါသည်။ ထို့ကြောင့် တစ်ဘာသာက တစ်ခြားဘာသာတစ်ခုကို နားလည်နိုင်ရန် နှီးနှောဖို့လိုအပ်ခြင်း ဖြစ်ပါသည်။

အဘယ့်ကြောင့် ကိုးကွယ်မှုဘာသာတရားအချင်းချင်း နှီးနှောဖို့ လိုအပ်ပါသလဲဆိုသည့် စတုတ္ထအချက်မှာ (striking similarities) ဘာသာတရားများမှာ အံ့ဖွယ်ကောင်းအောင် တူညီခြင်းများ ရှိသော ကြောင့် ဖြစ်ပါသည်။ ခရစ်ယာန်ဘာသာတရားမှ မြောက်များလှ စွာသော သွန်သင်ချက်များကို တခြားဘာသာကြီးများမှာလည်း တွေ့ရပါသည်။ နူးညံ့သိမ်မွေ့သလောက် အင်မတန်နက်နဲလှသည့် ကိုယ်ကျင့်တရားများ၊ သီလဘာဝနာဆောက်တည်မှုများနှင့် ဆုတောင်းမေတ္တာပြုခြင်းအကြောင်း သွန်သင်ချက်များကို ကိုးကွယ်မှု ဘာသာတရားတိုင်းမှာ တွေ့နိုင်သောကြောင့် ဖြစ်ပါသည်။

နောက်ဆုံးအနေနှင့် အဘယ့်ကြောင့် ကိုးကွယ်မှုဘာသာ တရားအချင်းချင်း နှီးနှောဖို့ လိုအပ်ပါသလဲဆိုသည့်အဖြေမှာ (effect of this new awareness) လူသားတို့၏ အတွေးအမြင်များ သစ်ဆန်းလာခြင်းကြောင့်ဟု ဆိုရပါမည်။ ကိုးကွယ်ရာ ဘာသာတိုင်းမှ ယုံကြည်သူများသည် တခြားဘာသာတရားများကို မြင်တွေ့ကာ "ဘာကြောင့် သည်လူတွေ သူတို့ဘာသာကို လေးလေးနက်နက် ယုံကြည် လက်ခံနေရပါလိမ့်" ဆိုသည့် အမြင်များ ရှိနေသောကြောင့် ဖြစ်ပါသည်။ "ဘာ့ကြောင့် ငါတို့ဘာသာက တခြားဘာသာ သာသနာ တွေထက် သာတယ်လို့ တစ်ယူသန်ထင်နေရမှာလဲ။ . . . " အစရှိသည့် သစ်လွင်ပြီး ရိုးသားမှန်ကန်သည့် လေးစားအားပေးဖွယ် အတွေးသစ်အမြင်သစ်များ

ယနေ့အချိန်အခါမှာ လူတိုင်းဆီမှာ ရှိနေသောကြောင့် ဖြစ်ပါတော့သည်။

☯ ☯ ☯ ☯ ☯

## ။ ခုနစ် ။

### အမိမြေနှင့် ဘာသာတရား နီးနှောဖလှယ်ခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ဓလေ့ထုံးတမ်း အစုံစုံရှိသည့် တိုင်းရင်းသားပေါင်းစုံနှင့် စုစည်းထားပါသည်။ တိုင်းရင်းသားအသီးသီးရှိသည့်အပြင် မိမိတို့ယုံကြည်သက်ဝင်ရာအလိုက် ရွေးချယ်ထားကြသည့် ထေရဝါဒဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာနှင့် ဟိန္ဒူဘာသာကြီးများကလည်း ပြည်ထောင်စုကြီးကို ပိုမိုလှပတင့်တယ်အောင် ဆေးခြယ်ပေးထားပါသည်။

အများစုယုံကြည်ကိုးကွယ်သည့် ထေရဝါဒဗုဒ္ဓဘာသာဟာ ပြည်ထောင်စုကြီးထဲသို့ ဦးစွာပထမရောက်လာခဲ့သလို ကျန်ဘာသာကြီးများလည်း မရှေးမနှောင်း ရောက်ရှိလာခဲ့ကြပါသည်။

မည်သို့ပင်ဆိုစေ ဤဘာသာကြီးများသည် ပြည်ထောင်စုကြီးအတွင်းသို့ မရည်ရွယ်ဘဲ မတော်တစ်ဆရောက်ရှိလာခဲ့ကြတာတော့ မဟုတ်ပါ။ ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားတို့၏ လောကီလောကုတ္တရာအကျိုး မျှော်ကိုးစောင့်စားနေသည့် အချိန်ကျရောက်လာခဲ့လို့ပင် ဖြစ်ပါသည်။ တိုင်းရင်းသားများ၏ ရိုးသားသောစိတ်၊ နှလုံးစိတ်ဝမ်းဖြူစင်မှုနှင့်

ပွင့်လင်းပျူငှါခြင်းအတွက် ဘုရားပေးဆုတစ်ခုလည်း ဖြစ်ပါသည်။

ပြည်ထောင်စုကြီးအတွင်းမှာ တစ်ဦးနှင့်တစ်ဦး၊ လူမျိုးစုတစ်ခုနှင့်တစ်ခု နားလည်လက်ခံကြဖို့၊ မတူညီကြသည့် ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားလေးစားကြဖို့ လိုအပ်ပါသည်။

ပြည်ထောင်စုသားများ ဦးထိပ်ထားကိုးကွယ်ကြသည့် ဘာသာကြီးများကလည်း ညီညွတ်စွာဖြင့် တိုင်းကျိုးပြည်ကျိုး သယ်ပိုးကြဖို့ လိုပါသည်။

ဘာသာကြီးများ၏ မတူညီကွဲပြားသည့် ယုံကြည်မှုများနှင့် ဝတ်ပြုမှုများကို လေးစားနားလည်ကြကာ၊ တူညီသည့် အမြုတေ များကို အသိအမှတ်ပြုကာ တန်ဖိုးထားကြဖို့ လိုပါသည်။

**၁။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားနားလည်ခြင်းနှင့် အသိအမှတ်ပြုခြင်း**

အမိမြေပေါ်မှာ ဘာသာတရားများအချင်းချင်း နှီးနှောခြင်း၏ ရည်ရွယ်ချက်သည် တစ်ခုတည်းဖြစ်ရေးမဟုတ်ပါ။ တစ်ခုကနောက်တစ်ခုထဲသို့ ပြောင်းဝင်သွားဖို့အတွက်လည်း မဟုတ်ပါ။ တစ်ခုကနောက်တစ်ခုကို ဖြည့်စွက်ပြုပြင်ဖို့လည်း မဟုတ်ပါ။ အချင်းချင်းနှီးနှောဖလှယ်ခြင်း၏ အဓိကရည်ရွယ်ချက်မှာ ပြည်ထောင်စုကြီး ကောင်းကျိုးအတွက် ဝိုင်းသယ်ဖို့ဖြစ်ပါသည်။ အပြန်အလှန် လေးစားနားလည်ခြင်းနှင့် အေးချမ်းစွာအတူယှဉ်တွဲနေထိုင်ဖို့ ဖြစ်ပါသည်။

အပြန်အလှန် လေးစားနားလည်ခြင်းအတွက် ပွင့်လင်းဖော်ရွေသည့် ပေါင်းသင်းဆက်ဆံရေးများ လိုအပ်ပါသည်။ ပေါင်းသင်းဆက်ဆံရေးများမှာ တစ်ဦးနှင့်တစ်ဦး ပိုမိုသိကျွမ်းလာသလို ရင်းနှီးမှုများတိုးတက်လာစေပါသည်။ အလှူပွဲနှင့် မင်္ဂလာဆောင်ပွဲများမှာ

မိတ်ဆွေသစ်များတိုးတတ်သလို နာရေးကိစ္စများမှာ တစ်ဦးနှင့်တစ်ဦး ပိုမိုရင်းနှီးခွင့် ကြုံရတတ်ပါသည်။

အပြန်အလှန်လေးစားနားလည်ခြင်းတိုးတက်ဖို့ရာ တစ်ဦးနှင့် တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်ဘာသာနှင့်တစ်ဘာသာတို့၏ တန်ဖိုးများကို အသိအမှတ်ပြုရပါမည်။ ခရစ်ယာန်များအတွက် ဒုတိယ ဗာတီကန် အစည်းအဝေးကြီးက "ခရစ်ယာန်မဟုတ်သည့် တခြား ဘာသာကြီးများမှ အမှန်တရားနှင့် သစ္စာတရားများသည်လည်း လူသားများအပေါ် ထားသည့် မြတ်စွာဘုရားသခင်၏ ကယ်ချွတ်ခြင်း တရားကို ဖေါ်ပြနေခြင်းဖြစ်သည်" ဟု သင်ကြားပါသည်။

အပြန်အလှန်လေးစားနားလည်ခြင်း တိုးတက်ဖို့ရာ တစ်ပါး သူများ၏ ယုံကြည်သက်ဝင်ရာများကို အသိအမှတ်ပြုလေ့လာဖို့ လိုအပ်ပါသည်။

မှန်ကန်ပြီး ရင့်ကျက်သည့် အတွေးအခေါ်များ ရှိဖို့လည်း လိုအပ်ပါသည်။ ပြည်ထောင်စုကြီးမှာ ဦးထိပ်ထားကိုးကွယ်နေ ကြသည့် ဘာသာကြီးများအားလုံး မြန်မာပြည်မှာ အစပြုပေါ်ထွန်းခဲ့ ကြတာ မဟုတ်ပါ။ ဟိန္ဒူနှင့် ဗုဒ္ဓဘာသာများဟာ အိန္ဒိယပြည်မှာစတင် ထွန်းကားခဲ့သလို ခရစ်ယန်ဘာသာဟာလည်း ရှေးအစ္စရေး တိုင်းပြည် မှာ စတင်ခဲ့ပါသည်။ အစ္စလာမ်ဘာသာသည်လည်း အာရပ်တိုင်းပြည် များမှာ စတင်ခဲ့ပါသည်။

ထို့ကြောင့် ဘယ်ဘာသာကိုမှ တိုင်းတစ်ပါးဘာသာဟု မစွပ် စွဲနိုင်ပါ။ ဥပမာ - ကျွန်တော်တို့သုံးနေသည့် မော်တော်ကားများ ဂျပန်နိုင်ငံမှာ လုပ်တာကြောင့် ဂျပန်ကားများ ဖြစ်ပါသည်။ ဂျပန်ပြည် ဖြစ် ကားဖြစ်ပါသည်။ အီတလီပြည်က တင်ပို့လာသည့်ကားကို အီတလီကားဟုခေါ်ပါသည်။ ဂျာမဏီက လာသည့်ကားမှာ ဂျာမန်ကား

ဖြစ်ပါသည်။

ကျွန်တော်က ကားအမျိုးမျိုးရှိသည့်အထဲက ဂျပန်ကားကိုပဲ ကြိုက်တာကြောင့် တန်ကြေးပေးပြီး ကိုယ့်စိတ်ကြိုက် ရွေးဝယ်လိုက်ပါသည်။ ထိုကားမှာ ကျွန်တော့်ကားဖြစ်လာပါသည်။ ကိုယ်တိုင်စိတ်ကြိုက်ရွေးချယ်ထားသည့် ကျွန်တော်အပိုင် ကိုယ်ပိုင်ကားဟု ခေါ်ရပါမည်။ ဂျပန်ပြည်မှာလုပ်ပေးသည့် ကျွန်တော့်ကားကို ဂျပန်ပိုင်ကားဟု မခေါ်နိုင်တော့ပါ။ "သည်ကားဘယ်မှာ လုပ်သလဲ"ဟု မေးရင်တော့ "မှန်ပါတယ် ဂျပန်ပြည်မှာလုပ်ပါတယ်"ဟု ဖြေရပါမည်။ ကျွန်တော်က မြန်မာပြည်မှာသုံးနေတာကြောင့် မြန်မာလူမျိုးဖြစ်သည့် ကျွန်တော့်အပိုင် မြန်မာကားပဲဖြစ်ပါသည်။ နိုင်ငံခြားကား မဟုတ်တော့ပါ။

ဗုဒ္ဓဘာသာသည် အိန္ဒိယပြည်မှာ စတင်ထွန်းကားခဲ့ပေသည့် ကျွန်တော်စိတ်ကြိုက် ရွေးချယ်ထားတာမို့ ကျွန်တော့်ဘာသာဖြစ်ပါသည်။ မည်သူကမှ နိုင်ငံခြားဘာသာဟု မစွပ်စွဲနိုင်ပါ။ ထို့အတူ ခရစ်ယာန်ဘာသာသည် အစ္စရေးတိုင်းပြည်မှာ စတင်ခဲ့ပေသည့် ကျွန်တော်စိတ်ကြိုက်ရွေးခြယ်ထားသည့် ကျွန်တော့်ကိုယ်ပိုင်ဘာသာဖြစ်ပါသည်။ မြန်မာလူမျိုးများ ယုံကြည်ကိုးကွယ်ကြသည့် ဘာသာဖြစ်တာမို့ ကျွန်တော်တို့၏ ဘိုးဘွားအမွေအနှစ်လည်း ဖြစ်ပါသည်။

ပြည်ထောင်စုတွင်းရှိ ဘာသာများသည် စောပြီးရောက်ခဲ့ တာနှင့် နောက်ကျရောက်လာတာပဲ ကွဲပါသည်။ လူများစုကိုးကွယ် တာနှင့် လူနည်းစုပဲ ကွာပါသည်။ အားလုံးကတော့ သဘောသဘာဝ အားဖြင့် အတူတူပင်ဖြစ်ပါသည်။ နိုင်ငံတော်ကို အုပ်ချုပ်ခဲ့ကြသည့် ခေတ်အဆက်ဆက်မှ ဘုရင်မင်းများနှင့် အစိုးရတိုင်းကလည်း

နိုင်ငံတော်၏ ဘာသာများအဖြစ် လက်ခံခဲ့ကြပါသည်။ ပြည်ထောင်စု ပိုင် ဘိုးဘွားအမွေအနှစ်များအဖြစ် အသိအမှတ်ပြုကြပါသည်။

အပြန်အလှန်လေးစားနားလည်ခြင်း တိုးတက်ဖို့ရာ တစ်ယူသန်စိတ်နှင့် အတ္တစိတ်များ ဖယ်ရှားပစ်ရပါမည်။ လူများစုက လူနည်းစုကို အထင်သေးနှိမ့်ချတတ်သည့် စိတ်ထားများ စွန့်ပစ်နိုင်ရပါမည်။

ဘာသာနှင့် လူမျိုး၊ ယုံကြည်သက်ဝင်မှုနှင့် နိုင်ငံရေး မရောထွေးသင့်ပါ။ ခရစ်ယာန်ဘာသာသည် ဥရောပနှင့် အမေရိကန်မှာ ပိုမိုထွန်းကားတာကြောင့် တိုင်းတစ်ပါးဘာသာဟု စွပ်စွဲခြင်းသည် ပြည်ထောင်စုကြီးအတွက် ကောင်းမွန်သောအရာများ ထွက်ပေါ်မလာနိုင်ပေ။ အများစုကိုးကွယ်သည့် ဘာသာတရားဖြစ်တာကြောင့် မြန်မာလူမျိုးမှန်လျှင် ထိုအများစုကိုးကွယ်သည့်ဘာသာကို ကိုးကွယ်ရမည်ဆိုသည့် အတွေးအမြင်များသည် ပြည်ထောင်စုကြီး၏ အနာဂါတ်ကို ကောင်းစေမည်မဟုတ်ပါ။

ပြည်ထောင်စုကြီးအတွင်းရှိ မည်သည့်ဘာသာကမှ ကျန်ဘာသာများကို နိုင်ငံခြားဘာသာဟု မပြောနိုင်ပါပေ။ ပြည်ထောင်စုကြီးသည် နယ်ချဲ့အင်္ဂလိပ်တို့၏ လက်အောက်သို့ ခါးသည်းစွာ ကျရောက်ခဲ့ရသော်လည်း ဘာသာတရားများသည်ကား အင်္ဂလိပ်နယ်ချဲ့တို့ သယ်ဆောင်လာခဲ့တာကြောင့် ပြည်ထောင်စုကြီး အတွင်းသို့ ရောက်ရှိလာခဲ့ကြတာမဟုတ်ပါ။ မည်သည့်ဘာသာတရားမှ နယ်ချဲ့အင်္ဂလိပ်တို့၏ အမွေအနှစ်မဟုတ်ပါ။

ပြည်ထောင်စုကြီးအတွင်းရှိ ဘာသာတရားများသည် အင်္ဂလိပ်တို့ မြန်မာပြည်ထဲမဝင်ရောက်ခင်၊ မြန်မာပြည်ဆိုတာကို အင်္ဂလိပ်တို့ မကြားဖူးခင်ကတည်းက ရောက်ရှိလာခဲ့ပါသည်။ မြန်မာပြည်ကြီး ကိုယ့်မင်းကိုယ့်ချင်း ကိုယ့်ထီးကိုယ့်နန်း ကိုယ်အရှင် ကိုယ့်ဘုရင်နှင့်

စိုးစံစဉ်ကတည်းက ထိုဘာသာတရားများ ရောက်ရှိ ကိုးကွယ် ခံခဲ့ကြပါသည်။ ဘာသာရေးစစ်ခင်းပြီးလည်း မရောက်ခဲ့ သလို၊ မည်သူတစ်ဦး တစ်ယောက်ကမှလည်း သည်ဘာသာကို ကိုးကွယ်ရမယ်ဟု အမွေပြုတိုက်တွန်းခဲ့တာကြောင့်လည်း မဟုတ်ခဲ့ပါ။ မြန်မာပြည်သူပြည်သားများ၏ လောကီလောကုတ္တရာ အရေး မျှော်တွေးခဲ့ကြသည့် သာသနာပြုများ၏ ရိုးသားဖြူစင်သော ကျေးဇူးတရားများပဲ ဖြစ်ပါသည်။

ခရစ်ယာန်တစ်ဦးသည် မည်သူတစ်ဦးတစ်ယောက်၏ ပရောဂမှမပါဘဲ၊ ခရစ်ယာန်ဘာသာကို မိမိသဘောကျ ရွေးချယ် ကိုးကွယ်သောကြောင့် ခရစ်ယာန်ဘာသာဝင် ဖြစ်လာပါသည်။

ဗုဒ္ဓဘာသာဝင်တစ်ဦးသည်လည်း မည်သူတစ်ဦး တစ်ယောက်၏ အမွေအကျပ်ကိုင်ခြင်းကိုမှမခံရဘဲ မိမိသဘောကျသည့် ဗုဒ္ဓ ဘာသာကို ဦးထိပ်ထားကိုးကွယ်ကာ ဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်လာ ခဲ့သည်။

အစ္စလာန်ဘာသာဝင်တစ်ဦးသည်လည်း အစ္စလာန်ဘာသာ တရားကို မိမိသဘောကျ လွတ်လွတ်လပ်လပ် ရွေးချယ်ပြီး ဦးထိပ် ထား ကိုးကွယ်နေကြသူများ ဖြစ်ကြပါသည်။

ထို့ကြောင့် အပြန်အလှန် လေးစားနားလည်ခြင်း တိုးတက် ဖို့ရာ သေးသိမ်သည့် တစ်ယူသန် စိတ်ထားများ ဖယ်ရှားကြရပါမည်။

## ၂။ ကော်ပိုရေးရှင်း (Cooperation)

## စုပေါင်းတာဝန်ယူလုပ်ဆောင်နိုင်ကြရန်

အမိမြေပေါ်ရှိ ဘာသာတရားအသီးသီးမှ ဘာသာဝင်များ တို့သည် ပြည်ထောင်စုကြီး သာယာဝပြောစည်ပင်ဖို့နှင့် အချင်းချင်း စည်းလုံးညီညွတ်စွာ ရင်ဘောင်တန်းရှင်သန်ရပ်တည်ဖို့ အတူတကွ

စုပေါင်းတာဝန်ယူဖို့လိုအပ်ပါသည်။

ပြည်ထောင်စုကြီး အမြဲအစဉ်အခွန့်ရှည်ကြာ တည်တန့် နိုင်ဖို့ လုပ်ဆောင်ကြရပါမည်။

သဘာဝဘေးရန်များနှင့် တစ်ခြားသော စိမ်ခေါ်ချက်များ ဖြစ်သည့် ငြိမ်းချမ်းခြင်း၊ တရားမျှတခြင်း၊ ဆင်းရဲမွဲတေမှုများနှင့် ရောဂါဘယများကို ဘာသာကြီးများက လက်တွဲညီညီ၊ သတ္တိရှိရှိအတူ ရင်ဆိုင် ဖြေရှင်းသွားကြဖို့ လိုပါသည်။

ထိုစိန်ခေါ်မှုများကို ညီညီညွတ်ညွတ်ရင်ဆိုင်နိုင်ကြရန် ဘာသာတရားများ အချင်းချင်းနှီးနှောခြင်းမရှိက မဖြစ်နိုင်ပါ။

ခရစ်ယာန်တို့၏ “Charity ချစ်ခြင်းမေတ္တာ” နှင့် ဗုဒ္ဓဘာသာဝင်တို့၏ “Sympathetic compassion" စာနာထောက်ထားသော ကရုဏာ” တရားတို့သည် မြန်မာတို့၏ နှလုံးသားကို လွှမ်းခြုံထားပါသည်။ ထိုအနက်ရှိုင်းဆုံးနေရာမှ လေးစားထိုက်သော မြင့်မြတ်ခြင်းတို့သည် လူသားသက်သက် ခံစားချက်များထက် ထူးကဲသည့် အနှိုင်းမဲ့စိတ်ထားများပင်ဖြစ်ပါသည်။ ကမ္ဘာဌာန်းစီးဖြန်းခြင်းနှင့် ကရုဏာရေးလုပ်ငန်းများကို ခရစ်ယာန်များရော ဗုဒ္ဓဘာသာဝင်တို့ပါ အမြဲတမ်းအတူစုပေါင်းလုပ်ဆောင်နိုင်သည့် တရားများဖြစ်ပါသည်။

အမှန်တကယ်စစ်မှန်သည့် ဘာသာရေးအသိစိတ်များမှ ပေါက်ဖွားလာသော မေတ္တာတရားသည် ဘာသာဝင်များကို ပိုမိုနီးကပ်စေပါသည်။ မြန်မာပြည်တွင်းရှိ ဘာသာကြီးများသည် လူသားအားလုံးတို့၏ အကျိုးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် တံ့ဆိုင်းနေဖို့မသင့်ပါ။ မြန်မာလူမျိုးများသည် ပင်ကိုယ်ဗီဇကပင် အေးချမ်းစွာနေထိုင်လိုကြပါသည်။ ထိုမြင့်မြတ်သည့် စိတ်နေစိတ်ထားကို ဘာသာတရားများ၏ သွန်သင်ချက်များနှင့် ပေါင်းလိုက်ပါက ကမ္ဘာကြီးတစ်ခု

လုံးကို ငြိမ်းချမ်းစေနိုင်ပါလိမ့်မည်။

⇨ ⇨ ⇨ ⇨ ⇨

## ၊ ရှစ် ၊

## ကိုးကွယ်မှု ဘာသာတရားအချင်းချင်း နီးနှောဖလှယ်ရာတွင် ရှိသင့်သည့် စိတ်နေစိတ်ထား

ရှိသင့်သည့် စိတ်နေစိတ်ထားကို အကြမ်းဖျင်းအားဖြင့် (၇)ချက်အဖြစ် ပြောလိုပါသည်။ နံပါတ် (၁) အပြန်အလှန်လေးစားမှု ရှိခြင်း၊ (၂) နှိမ့်ချစိတ်ရှိခြင်း၊ (၃) ရင့်ကျက်ခြင်း၊ (၄) လက်တွေ့ နေထိုင်ပြခြင်း၊ (၅) မိမိကို သူတစ်ပါးက နားလည်ပေးစေချင်သလို၊ ကိုယ်တိုင်ကလည်း တစ်ပါးသူကိုနားလည်ပေးခြင်း၊ (၆) ဘယ်လို လေ့လာရမယ်၊ လက်ခံရမယ်ဆိုတာ သိခြင်း၊ (၇) စိတ်နှလုံးကောင်း ရှိသူတိုင်း၏ တာဝန်ဖြစ်တယ်ဆိုတာ သိရှိခြင်းတို့ ဖြစ်ပါသည်။

### (၁) အပြန်အလှန်လေးစားမှုရှိခြင်း

ခရစ်ယာန်ဘာသာဝင်တိုင်းက ဘုရားရှင်သည် မိမိ ဘုန်းတော်ထင်ရှားစေခြင်းအားဖြင့် မိမိကိုယ်တော်၏ဘုရားအဖြစ် တော်ကို လူတို့အား ထင်ရှားစွာပြသပါသည်ဟု လက်ခံပါသည်။ ထို့အပြင် လူသားတို့သည် မိမိဩတ္တပ္ပ စိတ်နှလုံးကိုအခြေပြုလျက် ဘုရားရှင်၏ဘုန်းတော်ကို လူ့အစွမ်းအစနှင့် ရှာဖွေနိုင်ကြောင်းကို လည်း

အသိအမှတ်ပြုပါသည်။ ထိုနည်းနှစ်မျိုးတို့၏ ခြားနားချက် ကိုလည်း ဝန်ခံကြပါသည်။

ထို့ကြောင့် ကိုးကွယ်မှုဘာသာတရားများကို စစ်မှန်သော ဘာသာတရားများအဖြစ် ခရစ်ယာန်တိုင်းက လက်ခံနိုင်ကြပါသည်။ ဘာသာတရားများအသီးသီးမှာ ကိုးကွယ်ဆည်းကပ်သူတိုင်းကလည်း သည်အချက်ကို လက်ခံနိုင်ရပါမည်။

## (၂) နှိမ့်ချသောစိတ်ထားရှိခြင်း၊

ငါတော်၊ ငါတတ်၊ ငါသာမှန်သည်ဆိုသောစိတ်ထားထက် ငါလေ့လာစရာတွေ၊ သင်ယူစရာတွေ တစ်ပုံတစ်ပင်ရှိနေတယ် ဆိုသည့်စိတ်ထား ရှိဖို့လိုအပ်ပါသည်။ “ငါ” ရှေ့ထားတတ်သူများအတွက် မည်သည့်လူ့အဖွဲ့အစည်းမှာမှ အဆင်ပြေမှာမဟုတ်ပါ။ အသေးငယ်ဆုံးအဖွဲ့အစည်းဖြစ်သည့် မိသားစုလေးမှာပင် “ငါ” ရှေ့ထားသူတစ်ဦးဦး ပါဝင်လာပါက အားလုံးကမောက်ကမ ဖြစ်ရတတ်ပါသည်။ အသွင်မတူ၊ အမြင်မတူသူအသိုင်းအဝိုင်းဆိုပါက ပို၍ပင်ဆိုးပေမည်။

## (၃) ရင့်ကျက်ခြင်း

ပါဝင်လာသူတိုင်းက မိမိ၏အသိပညာတွေဟာ မပြည့်စုံ သေးပါ။ လေ့လာစရာတွေ အမြောက်အများရှိနေသေးပါလား ဆိုသည့် အသိတရားထားဖို့ လိုပါသည်။ မိမိသိထားပြီးသော အရာတစ်ခုပင်တောင်မှ တစ်ခါတစ်ရံ ချက်ချင်းလက်ငင်းရှင်းပြဖို့ အခက်ကြုံရ တတ်ပါသည်။ နားထောင်တတ်သည့်အကျင့်နှင့် လိုအပ်ပါက နှုတ်ပိတ်ကာတိတ်ဆိတ်နေတတ်ရပါမည်။ တစ်ပါးသူအား

မေးစရာရှိပါကလည်း သဘောထားရင့်ကျက်စွာ မေးမြန်းတတ်ဖို့လိုပါသည်။

ဗုဒ္ဓဘာသာဝင်များမှာ သူတို့ယုံကြည်ရာအချက်များရှိနေပါသည်။ ခရစ်ယာန်ဘာသာမှာလည်း သူတို့၏ယုံကြည်ရာများရှိနေပါသည်။ လူတိုင်းလူတိုင်းမှာပင် သူ့အတွေးနှင့်သူ့အမြင် ရှိပါသည်။ မည်သူမဆို မိမိနှင့် သင့်တော်သည့် ပိတ်စကို ဝယ်ချုပ် တတ်ကြပါသည်။ မိမိနှစ်သက်သည့် ပိတ်စကိုသာ ဖြတ်ယူဝတ်ဆင် တတ်ကြပါသည်။ ယုံကြည်သက်ဝင်ရာဘာသာတရားကိုလည်း ထို့အတူ မိမိစိတ်တိုင်းကျသည့် ဘာသာကို ကိုးကွယ်တတ်ကြပါသည်။ မည်သူတစ်ဦးမှ ကိုးကွယ်မှုဘာသာတရားတစ်ခုထဲသို့ အံ့သြပြီး မဝင်ရောက်သလို ခါးမိုးခံရသောကြောင့်လည်း ဝင်ရောက်ကြမည် မဟုတ်ပါ။။

ထို့ကြောင့် ဘာသာတရားများ နှီးနှောဖလှယ်ကြသူများ သည် သဘောထား ရင့်ကျက်ဖို့အထူးလိုပါသည်။

**(၄) မိမိပြောချင်သည့်အချက်ကို စပြီးလက်တွေ့ နေထိုင်ပြခြင်း**

မိမိယုံကြည်ရာဘာသာတရား၏ အဆုံးအမအတိုင်း နေထိုင်ခြင်းသည် မိမိဘာသာတရားကို အကောင်းဆုံးသက်သေခံခြင်း တစ်ခုဖြစ်ပါသည်။ မိမိဘဝနှင့် နေထိုင်ပြသခြင်းကသာ မိမိယုံကြည်သက်ဝင်ရာ၏ မြင့်မြတ်ခြင်းကို သက်သေထူလိုက်ခြင်း ဖြစ်ပါသည်။ ရိုးသားခြင်း၊ မေတ္တာစေတနာထားခြင်း၊ ကူညီရိုင်းပင်းခြင်း စသည့် ကျင့်စဉ်များသည် ဘာသာတရားများ နှီးနှောဖလှယ်ခြင်းတွင် မရှိမဖြစ်သော ပါရမီများဖြစ်ကြပါသည်။

**(၅) မိမိကို သူတစ်ပါးကနားလည်ပေးစေချင်သလို၊ ကိုယ်တိုင်ကလည်း တစ်ပါးသူကို နားလည်ပေးခြင်း၊**

ဘာသာတရားအသီးသီးမှ ကြည်ညိုသူများသည် တစ်ဦးက တစ်ဦးကို နားလည်လက်ခံပေးဖို့ လိုအပ်ပါသည်။ ကိုးကွယ်မှုဘာသာတရားဟူ၍ နာမည်တူသော်လည်း ဘာသာတရားများတွင် တူညီသော ယုံကြည်ရာများနှင့် ကျင့်စဉ်များကို မြတ်နိုးစွာလက်ခံသလို၊ မတူညီသော ယုံကြည်ရာများနှင့် ကွဲပြားသောကျင့်စဉ်များကိုလည်း လေးစားစွာ အသိအမှတ်ပြုတတ်ဖို့ လိုအပ်ပါသည်။

**(၆) ဘယ်လိုလေ့လာရမယ်၊ လက်ခံရမယ်ဆိုတာသိခြင်း၊**

ကိုးကွယ်မှုဘာသာသာတရားများအချင်းချင်း နှီးနှောဖလှယ်ခြင်းသည် တစ်ဘာသာတည်း သီးခြားလုပ်ဆောင်နေခြင်းမဟုတ်ပါ။ အချင်းချင်း ဖလှယ်နေခြင်း ဖြစ်ပါသည်။

**(၇) စိတ်နှလုံးကောင်းရှိသူတိုင်းရဲ့ တာဝန်ဖြစ်တယ်ဆိုတာသိရှိခြင်း**

သို့ဆိုပါက ဘာသာကြီးများအချင်းချင်း နှီးနှောဖလှယ် ခြင်းကို တတ်ကျွမ်းသူများသာ လုပ်နိုင်သည်ဟု ထင်နေတတ်ပါသည်။ ထိုကဲ့သို့ မဟုတ်ပါ။ စိတ်နှလုံးကောင်းရှိသူတိုင်း၏ တာဝန်တစ်ခုသာ ဖြစ်ပါသည်။ နေရာတိုင်းမှာ အချင်းချင်းနှီးနှောဖလှယ်နိုင်ပါသည်။

။ ကိုး ။

## ကိုးကွယ်မှု ဘာသာတရားအချင်းချင်း နှီးနှောဖလှယ်ခြင်းအကြောင်း ကက်သလစ်သာသနာတော်၏ သင်ကြားချက်*

ကိုးကွယ်မှုဘာသာကြီးများအချင်းချင်း နှီးနှောဖလှယ်ကြဖို့ ကက်သလစ်သာသနာတော်မှ စာချွန်တော်များရေးသားပြီး အားပေးပါသည်။ ဥပမာ - *Nostra Aetate* စာချွန်တော်ထဲမှာ "လူမျိုးစုများအားလုံးတို့သည် တစ်ခုတည်းသော အဖွဲ့အစည်းကြီးအဖြစ်ဆောက်တည်ထားပါသည်။ လူအားလုံးသည် တူညီစွာအစပြုပြီး တစ်ခုတည်းသောအဆုံးသို့ ဦးတည်နေကြပါသည်"ဟု သင်ကြားပါသည်။ (n.1)

ရဟန်းမင်းကြီး ယောဟန် (၂၃) က လူသားထုတစ်ရပ်လုံးမျှော်လင့်တောင့်တကြသည့် ကမ္ဘာ့ညီရင်းအစ်ကို မောင်ရင်းနှမစိတ်ထားကို အမြော်အမြင်ကြီးစွာနှင့် အသိအမှတ် ပြုခဲ့ပါသည်။ ရဟန်းမင်းကြီးသည် ယုံကြည်ရာဘာသာအသီးသီး၊ အလွှာအသီး သီးမှ

* Fr. Cris Mcvey, O. P, *Interreligious Dialogue,* in *Dominican Formation on the Threshold of the Third Millennium,* Caleruega, Nasugbu, Batangas, Philippines, January 5 to March 27, 1998, pp. 10-13.

လူတိုင်းကို ဝမ်းသာအားရ လက်ခံတွေ့ဆုံလေ့ ရှိပါသည်။ ရဟန်းမင်းကြီးနှင့် တွေ့ဆုံဖို့လာရောက်ခဲ့ကြသည့် ပုဂ္ဂိုလ်တိုင်းက လည်း မမေ့နိုင်တဲ့ အဖြစ်တစ်ခုအဖြစ် ရင်မှာစွဲထင် ကျန်ရစ်ခဲ့ကြ ပါသည်။ သူ၏ဩဝါဒများမှာလည်းပဲ ကမ္ဘာ့လူသားထုကြီးတစ်ခု လုံး၏ ကောင်းကျိုးအတွက် စိတ်ကောင်းနှလုံးကောင်း ရှိကြသူများ အားလုံး ပါဝင်ကျိုးစားကြဖို့ အမြဲလို ဖိတ်ခေါ်ပါသည်။

ထို့အတူ ရဟန်းမင်းကြီး ဆဋ္ဌမမြောက် ပေါလူးက ၁၉၆၄ ခုနှစ်တွင် အိန္ဒိယပြည်သို့ သာသနာ့ခရီးစဉ်ကြွရောက်မသွားခင် "ညီရင်းအစ်ကို မောင်ရင်းနှမစိတ်ထားများထားဖို့ အထူးလိုအပ် နေပါပြီ"ဟု မိန့်ကြားသွားခဲ့ပါသည်။ ယုံကြည်ရာဘာသာများ အချင်းချင်း နှီးနှောဖလှယ်ကြဖို့ရည်စူးကာ ရောမားမြို့မှာ The Secretariat for non-Christians နာမည်ဖြင့် ရုံးတစ်ခုဖွင့်လှစ်ပေးခဲ့ ပါသည်။ ကက်သလစ်သာသနာတော်၏ ကမ္ဘာ့ဘာသာကြီးများ အပေါ်ထားသည့် စိတ်ထားပင်ဖြစ်ပါသည်။ ထိုရုံးတော်က "ခရစ်ယာန် မဟုတ်သည့် တခြားဘာသာကြီးများနှင့် သင့်လျော်သည့် နှီးနှော ဖလှယ်ခြင်းများပြုလုပ်ဖို့ နည်းလမ်းများရှာဖွေဖို့ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံရောက်သည့်အခါလည်း ရဟန်းမင်းကြီးက "လူသား များ၏ အကြီးမားဆုံးသော အောင်မြင်ခြင်းဆိုတာ ကရုဏာမေတ္တာ ထားတတ်ခြင်းဖြစ်ပါတယ်"ဟု မိန့်ကြားသွားခဲ့ပြန်ပါသည်။

ပထမဆုံးအကြိမ်အဖြစ် Dialogue စကားလုံးကို သာသနာ တော်၏၁၉၆၄ခုနှစ် ဩဂုတ်လ (၆)ရက်နေ့စွဲနှင့် ထုတ်ပြန်သည့် *Ecclesiam Suam* စာချွန်တော်ထဲမှာ တွေ့ရပါသည်။ "ကက်သလစ် သာသနာတော်ကြီးအနေနှင့် အတူယှဉ်တွဲနေထိုင်ရသော၊ အတူ လုပ်ကိုင်နေရသော ကမ္ဘာကြီးနှင့် နှီးနှောဖလှယ်ခြင်း စတင်ဖို့

လိုအပ်ပါသည်”။ “ကျွန်တော်တို့၏ ထိုနှီးနှောဖလှယ်ခြင်းများမှာ မြတ်စွာဘုရားသခင်၏ ကျေးဇူးတော်အကူအညီအားဖြင့် အောင်မြင်စေမည့်အချိန်ကို စောင့်စားရမည်။ ကျွန်တော်တို့ဟာ ခရစ်ယာန် မဟုတ်သော တခြားဘာသာကြီးများ၏ ကိုယ်ကျင့်တရားများနှင့် လောကုတ္တရာရေးရာနှင့် ပတ်သက်သည့် တန်ဖိုးကြီးမားလှသော သွန်သင်ချက်များကို အသိအမှတ်ပြု လေးစားပါသည်။” “ဘာသာတရားများ၏ မျှော်မှန်းချက်များဖြစ်သည့် ဘာသာတရားလွတ်လပ်ခွင့်၊ ညီအစ်ကိုစိတ်ထား၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ လူသားထုတစ်ရပ်လုံးအတွက် အခြေနေကောင်းများ ထွက်ပေါ်လာရေးတို့ကို သူတို့နှင့်အတူ ကျွန်တော်တို့လည်း ပါဝင်လုပ်ဆောင်လိုပါကြောင်း” ထိုစာချွန်တော်ထဲမှာ ရေးသားထုတ်ဖော်ပါသည်။

ကက်သလစ်သာသနာတော်ကြီး၏ ဒုတိယဗာတီကန်သံဃာရနာတင်အစည်းအဝေးကြီးမှထုတ်ပြန်သည့် *Nostra Aetate, Lumen Gentium, Ad Gentes, Gaudium et Spes, Dignitatis Humanae* စာချွန်တော်(၅)ခုထဲမှာလည်း ဘာသာများအချင်းချင်း နှီးနှောဖလှယ်ခြင်းနှင့်ပတ်သက်ပြီး ရှုထောင့်မျိုးစုံနှင့် မှာကြားပါသည်။ ထိုစာချွန်တော်တွေထဲမှာ “ဘာသာများအားလုံးထဲမှာ သစ္စာတရားနှင့် ကျေးဇူးတော်ဆိုသည့် ယုံကြည်ချက်တွေရှိပါကြောင်း”၊ “သစ္စာတရားရောင်ခြည်တော်က လူသားအားလုံးကို လမ်းညွှန်ပါကြောင်း”၊ “ခြိုးခြံစွာကျင့်သောအကျင့်များနှင့် တရားဘာဝနာ စီးဖြန်းခြင်းဆိုသည့် ရတနာများ ဘာသာတိုင်းတွင် ရှိပါကြောင်း” သင်ကြားပါသည်။ ထိုဗာတီကန်အစည်းအဝေးကြီးက “ကမ္ဘာ့ဘာသာကြီးများ အားလုံးအား အထူးလေးစားသောစိတ်ထားများကို” မြှင့်တင်ပေးပါသည်။ “အတူတကွနှီးနှောဖလှယ်ခြင်း၊ အတူယှဉ်တွဲနေထိုင်ခြင်းများ”ကို

အားပေးပါသည်။

၁၉၇၄ခုနှစ် ဧပြီလ (၂၂)ရက်မှ (၂၇)ရက်နေ့ထိ ထိုင်ဝမ်နိုင်ငံ၊ တိုင်ပေမြို့မှာကျင်းပသည့် အာရှတိုက်ဆရာတော်ကြီးများ ဖယ်ဒရေးရှင်း၏ ညီလာခံကြီး (FABC: FEDERATION OF ASIAN BISHOPS' CONFERENCE)၏ "သာသနာပြုခြင်းအတွက် ပြင်ဆင်ခြင်း" ဆိုသည့်ခေါင်းစဉ်မှာ "ကျမ်းစာပါတရားတော်မြတ်ကို ဟောပြောခြင်း"၊ "မိမိတို့ရှိနေရာတိုင်းမှာ ဒေသဆိုင်ရာ သာသနာတော်ဆောက်တည် ဖို့"၊ "လူထု၊ ယဉ်ကျေးမှု၊ ဘာသာတရားစသည့် သုံးပွင့်ဆိုင် နှီးနှော ဖလှယ်ခြင်းများပြုလုပ်ကြဖို့" အတည်ပြုမှတ်တမ်းတင်ခဲ့ပါသည်။ အာရှတိုက်ကြီးအတွင်းမှ သာသနာတော်ကြီးအား "ကျွန်တော်တို့ လူမျိုးစုများ၏ ကြီးမားလှသော ဘာသာရေးထုံးတမ်းများနှင့် နှီးနှောဖလှယ်ကြပါ "ဟု တိုက်တွန်းထားပါသည်။ "ကျွန်တော်တို့၏ ဘာသာရေး ထုံးတမ်းများသည် တကယ်တော့ ကျွန်တော်တို့ ဘိုးဘွားများ၏ ဘာသာရေး ခံစားချက်များပဲဖြစ်သည်။ မြတ်စွာ ဘုရားသခင်သည် သူတို့အားဖြင့် လူသားများကို မိမိ ကိုယ်တော်မြတ်ဆီ ခေါ်ဆောင်တော်မူတယ်ဆိုတာ ဘယ်လိုကြောင့် လက်မခံနိုင်ရပါမလဲ။ ထို့ကြောင့် သာသနာပြုခြင်း၊ ဧဝံဂေလိ တရားတော်မြတ်ကို ကြေညာဟောပြောခြင်းဆိုရာမှာ အာရှ တိုက်ကြီးပေါ်မှာ ရှင်သန်တိုးတက်နေသည့် ဘာသာကြီးများနှင့် ပွင့်လင်းရိုးသားသော နှီးနှောဖလှယ်ခြင်းကိုလည်း ရည်စူးပါကြောင်း" သင်ကြားပေးခဲ့ပါသည်။

၁၉၇၄ခုနှစ်မှာ ကျင်းပခဲ့သည့် "မျက်မှောက်ခေတ် ကမ္ဘာကြီး အတွက် တရားတော်မြတ်ကို ကြေညာဟောကြားခြင်း" ဆိုသည့် ခေါင်းစဉ်နှင့် ပြုလုပ်ခဲ့သည့်အစည်းအဝေးကြီးမှာလည်း "ခရစ်ယာန် သာသနာဆိုသည့် နယ်နမိတ်သတ်မှတ် ဘောင်ခတ်ထားခြင်းများကို

ကျော်ဖြတ်ပြီး သန့်ရှင်းသော ဝိညာဉ်တော်ဘုရားကို ယုံကြည်အား ကိုးလျက် ခရစ်ယာန် မဟုတ်သော ဘာသာများနှင့် နှီးနှော ဖလှယ်ကြဖို့ ဦးဆောင်ကြပါစေကြောင်း ဆန္ဒပြုတိုက်တွန်းပါတယ်"ဟု ထုတ်ဖော်ပြပါသည်။

၁၉၇၅ခုနှစ် ဒီဇင်ဘာလ (၈)ရက်နေ့တွင်ထုတ်ဝေသည့် *Apostolic Exhortation: Evangelii Nuntiandi* စာချွန်တော်ထဲ တွင် ကက်သလစ်သာသနာတော်ကြီးက ကမ္ဘာ့ဘာသာကြီးများကို အထူးလေးစားပါကြောင်း" ဖော်ပြပါသည်။ "အဘယ်ကြောင့်ဆိုသော် ဘာသာကြီးများသည် လူသားထုကြီးတစ်ခုလုံးက သူတို့၏ ရှင်သန်နေသော ခံစားချက်များကို ထုတ်ဖော်ပြသလိုက်ခြင်းပဲ ဖြစ်ပါသည်။ ဘာသာကြီးများက ဘယ်လိုမေတ္တာပို့ဆုတောင်းရမယ်၊ ဘယ်လိုနေထိုင်ရမယ်ဆိုတာကို ဘိုးစဉ်ဘောင်ဆက် လက်ဆင့်ကမ်း သင်ကြားလာကြပါသည်"ဟု သင်ကြားပါသည်။ "ကက်သလစ်သာသနာတော်ကြီးအနေနှင့် တခြားသောဘာသာကြီးများနှင့် ဆက်ဆံရာမှာ အကန့်အသတ်မဲ့၊ အဆီးအတားဇုံများ ကင်းသည့် ပစ္စုပ္ပန်နှင့် အနာဂတ်၏ သာသနာပြု သူရဲကောင်းများ စေလွှတ်ကြရမည်"ဟု တိုက်တွန်းပါသည်။

၁၉၈၄ခုနှစ် သန့်ရှင်းသောဝိညာဉ်တော်ဘုရားပွဲနေ့မှာ ရောမားမြို့ရှိ The Secretariat for non-Christians ရုံးတော်မှ *The Attitude of the Church towards the Followers of Other Religions: Reflections and Orientations on Dialogue and Mission* စာတမ်းတစ်စောင်ထုတ်ပြန်ခဲ့ပါသည်။ ထိုစာတမ်းထဲတွင် ဘာသာတရားများအချင်းချင်း နှီးနှောဖလှယ်ခြင်း *(Interreligious*

*Dialogue)*ဆိုတာကို ကျယ်ကျယ်ပြန့်ပြန့် အဓိပ္ပါယ်ဖွင့်ဆိုပေးပါ သည်။ "နှီးနှောဖလှယ်ခြင်းဆိုသည်မှာ ညှိနှိုင်းတိုင်ပင်ခြင်း တစ်ခုတည်း မဟုတ်ပါ။ တစ်ဦးစီမှာရော အဖွဲ့အသင်းများမှာပါ ပွင့်လင်းရိုးသားစွာ နားလည်တတ်ခြင်းနှင့် တိုးတက်ခြင်းသို့ ရှေ့ရှုတတ်သည့် အတူယှဉ်တွဲနေထိုင်ခြင်းအကြောင်းများပါ ထည့်သွင်းစဉ်းစားရမည်"ဟု သင်ကြားပါသည်။

"ခရစ်ယာန်အသက်တာကိုသက်သေခံခြင်း၊ လူသားထုတစ်ခုလုံးအား ကူညီထောက်ပံ့ခြင်း၊ မေတ္တာပို့ဆုတောင်းခြင်း၊ တရားဘာဝနာစီးဖြန်းခြင်းများတို့ကို တခြားဘာသာများမှ ယုံကြည် သူများနှင့် အတူလှမ်းလျှောက်ကြဖို့၊ လူသားအကျိုးပြု စီမံကိန်း များကို တခြားဘာသာများမှပုဂ္ဂိုလ်များနှင့်အတူ လုပ်ဆောင်ကြဖို့" နှိုးဆော်ပါသည်။

၁၉၈၆ခုနှစ် အောက်တိုဘာလ (၂၇)ရက်နေ့ အီတလီနိုင်ငံ အာစီစီမြို့တော်မှာ ရဟန်းမင်းကြီး ဒုတိယမြောက် ယောဟန် ပေါလူးက ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် အစာရှောင်ခြင်းနှင့် ဆုတောင်း ပေးကြဖို့ ခရစ်ယာန်အသင်းကွဲများအားလုံးနှင့် ကမ္ဘာ့ဘာသာကြီး များမှ ကိုယ်စားလှယ်တော်ကြီးများကို ဖိတ်ခေါ်ခဲ့ပါသည်။ ထိုစုပေါင်း ဆုတောင်းပွဲသည် ဗာတီကန်အစည်းအဝေးကြီး၏ ဖိတ်ခေါ် ချက်ဖြစ်သည့် ကမ္ဘာ့ဘာသာကြီးများ အတူတကွ နှီးနှောဖလှယ်ရေးကို အကောင်အထည်ဖေါ်လိုက်တာပဲ ဖြစ်ပါသည်။ ရဟန်းမင်းကြီးက မိန့်ခွန်းချွေတရားမြွက်ကြားရာမှာ "ကျွန်ုပ်တို့အားလုံး ငြိမ်းချမ်းရေးနှင့် ညီညွတ်ခြင်းတို့၌ အတူတကွ လှမ်းလျှောက်ကြဖို့ ကြိုးစားကြမလား (သို့မဟုတ်) ကိုယ့်ဟာကိုယ် တသီးတသန့်စီနေကြပြီး မိမိတို့အပါ အဝင် တစ်ပါးသူများအားလုံး ပျက်စီးဆုံးရှုံးစေကြမလား. . . "လို့

မိန့်ကြားသွားခဲ့ပါသည်။

ရဟန်းမင်းကြီး ဒုတိယမြောက် ယောဟန်ပေါလူး၏ ၁၉၉၀ ခုနှစ် ဒီဇင်ဘာလ (၇)ရက်နေ့ထုတ်ပြန်ခဲ့သည့် *Redemptoris Missio* စာချွန်တော်ထဲမှာ "တခြားဘာသာကြီးများမှ ညီအစ်ကို မောင်နှမများနှင့် နှီးနှောဖလှယ်ခြင်း"ဆိုတာကို သီးသန့်အခန်းတစ်ခုအနေနှင့် ထုတ်ပြန်ပါသည်။ "ဘာသာပေါင်းစုံနှင့် နှီးနှောဖလှယ်ခြင်းသည် သာသနာတော်ကြီး၏ ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်းကျေညာ ဟောကြားခြင်း တစ်စိတ်တစ်ပိုင်းဖြစ်ပါသည်။ . . . လူသားများကို သာသနာပြုခြင်း၏ ဆန့်ကျင်ဖက်မဟုတ်ပါ။ . . . သာသနာ တော်ကြီးက ဘာသာများပေါင်းစုံနှီးနှောဖလှယ်ခြင်းနှင့် မြတ်စွာဘုရား သခင်ခရစ်တော်အရှင်၏ တရားတော်ကို ကြေညာဟောပြောခြင်း အကြားမှာ ဘာမှအဟန့်အတားမရှိပါ။" ရဟန်းမင်းကြီး အထူး အလေးထား မိန့်ကြားရေးသားထားတာက "များပြားလှစွာသော သာသနာပြုများနှင့် ခရစ်ယာန်အဖွဲ့အစည်းများသည် နှီးနှော ဖလှယ်ခြင်းနှင့် ပတ်သက်၍ နားလည်လွဲကြသလို အခက်ကြုံ နေကြပါသည်။ သူတစ်ပါးအား အစေခံမှုပြုကာ ကူညီပေးခြင်းနှင့် မြတ်စွာသခင် ခရစ်တော်ဘုရားရှင်ကို သက်သေခံခြင်းများကိုသာ အားသန်နေကြပါသည်။ သူတို့ကို ကျွန်ုပ်အားပေးလိုပါသည်။"

၁၉၉၁ခုနှစ် သန့်ရှင်းသောဝိညာဉ်တော်ပွဲနေ့မှာ ရောမားမြို့မှ Secretariat for non-Christians၏ နာမည်အသစ်ဖြစ်သည့် The Pontifical Council for Interreligious Dialogue နှင့် Congregation for the Evangelization of Peoples တို့ ပူးတွဲပြီး *Dialogue and Proclamation* မှတ်တမ်းစာတစ်စောင် ထုတ်ပြန်ခဲ့ပါသည်။ ထိုစာထဲတွင် "ဘာသာပေါင်းစုံညီ နှီးနှောဖလှယ်ခြင်းသည် အမိသာသနာတော် ကြီး၏

ကဏ္ဍတစ်စိတ်တစ်ပိုင်းဖြစ်ပြီး၊ သခင်ယေရှုခရစ်တော် ဘုရားအားဖြင့် မြတ်စွာဘုရားသခင်၏ ကယ်တင်တော်မူခြင်းကို ကြေညာဟောပြောခြင်းဟာ တစ်ခြားကဏ္ဍတစ်ခုလည်းဖြစ်သည်။ . . . တစ်ခုကိုရွေးပြီး ကျန်တစ်ခုကို လျစ်လျူရှုပစ်ပယ် မထားနိုင်ပါ။ နှစ်ခုစလုံးဟာ တရားဝင်သလို မရှိမဖြစ်လိုအပ်ပါသည်။. . . ဝိညာဉ်တော်ဘုရားရှင်၏ ဆုံးမသွန်သင်လမ်းညွှန်မှုနှင့် အလင်းပေးနေခြင်းကို သိနားလည်ဖို့လိုပါသည်။ ခရစ်ယာန်များအားလုံး ပါဝင်ကြဖို့ကိုလည်း အလေးထားဖိတ်ခေါ် အပ်ပါသည်။ တာဝန် တစ်ခုဟု သဘောထားတာထက် နှီးနှောဖလှယ်ခြင်းနှင့် ကြေညာဟောပြောခြင်းတို့ဟာ ဆုတောင်းမေတ္တာ၌ ရှာဖွေတွေ့နိုင်သည့် ကျေးဇူးတော်များပဲ ဖြစ်ပါသည်။”

၁၉၉၅ခုနှစ် စက်တင်ဘာလ (၁၄) ရက်နေ့မှာ အာဖရိက တိုက် ကက်သလစ်ဆရာတော်ကြီးများ၏ သံဃာအစည်းအဝေးကြီး အပြီးမှာ ရဟန်းမင်းကြီး ဒုတိယမြောက်ယောဟန်ပေါလူးက ဘာသာကြီးများအကြား အတူတကွနှီးနှောဖလှယ်ကြဖို့ ထည့်သွင်းမိန့်မှာသွားခဲ့ပါသည်။

၁၉၉၆ခုနှစ် စက်တင်ဘာလထဲမှာ The International Theological Commission မှ *Christianity and the World Religions* ဆိုသည့် စာတမ်းတစ်စောင် ထုတ်ပြန်ခဲ့ပါသည်။ “တစ်ခုတည်းသော လမ်းမြတ်ဖြစ်သည့် သခင်ခရစ်တော်ဘုရားရှင်မှာ ဦးမတည်ပေသည့် မြတ်စွာဘုရားသခင်ထံတော်မြတ်သို့ ပို့ဆောင်မပေးသော လမ်းဟူ၍ မရှိပါ။ မေးရမှာက ကယ်တင်တော်မူခြင်းအတွက် အမိသာသနာတော်ကြီးအကြောင်းနှင့် မြတ်စွာဘုရားသခင် ကြီးမြင့်မြတ်သော ရွေးဥာဏ်တော်တို့သည် အတူယှဉ်တွဲနေပါသလားဆိုတာကို မေးရ

ပါမည်။ အမိသာသနာတော်ကြီးသည် ဝိညာဉ်တော်ဘုရားရှင် ပြုပြင်လမ်းညွှန်တော်မူသော အခွင့်ထူးနေရာဖြစ်ပါသည်။ သို့သော် ဤကဲ့သို့ပြောသော်ငြားလည်း ခရစ်ယာန်တရားတော်ဟာ အားလုံး ထက် သာလွန်တယ်လို့တော့ မဆိုလိုပါ။" "အမှန်တရားဟာ အမှန်တရားဖြစ်သ၍ အမြဲသာလွန်နေပါသည်။ သို့ပေသိ ကျွန်တော်တို့ အတွက် လိုအပ်နေတယ်ဟု ထင်ရှားစွာပြသနေသော သခင် ခရစ်တော် ဘုရားရှင်၏ အမှန်တရားကတော့ ကျွန်တော်တို့အတွက် အမြဲတမ်းပဲဖြစ်ပါသည်။" "မည်သည့်ဟောပြောချက်မျိုးပင်ဖြစ်စေ နာယူသူများကို အခွင့်ကောင်းယူတုပ်နှောင်ပါလျှင် သခင်ရစ်တော် ဘုရားရှင်ကို ဆန့်ကျင်ခြင်းပဲဖြစ်ပါသည်။"

ရဟန်းမင်းကြီး ဒုတိယမြောက် ယောဟန် ပေါလူး ကိုယ်တော် သည် ကမ္ဘာ့ဘာသာကြီးများအချင်းချင်း နှီးနှောဖလှယ်ခြင်း အကြောင်း အခါအားလျော်စွာ တက်ကြွစွာ အားပေးမိန့်ကြားတော်မူ လေ့ ရှိပါသည်။ ထိုမိန့်ကြားချက်များမှ တချို့မှာ. . .

"ဘာသာများပေါင်းစုံ အမှန်တကယ် အလေးထားနှီးနှောဖလှယ်ကြခြင်းဟာ လူ့ကယ်တင်ခြင်းအတွက် ဆွေးနွေးခြင်းဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ ဘာသာကြီးများနှီးနှောဖလှယ်ခြင်း ဟာ ဟိုးအရင်ကတည်းက မြတ်စွာဘုရားရှင်ကိုယ် တော်တိုင် လူသားများနဲ့ ကြွလာခဲ့တာကို ပြန်လည် ဆန်းသစ်ခြင်း၊ ပိုမိုနားလည်အောင်လုပ်ခြင်း၊ ပိုမို ပီပြင်အောင် လုပ်ခြင်းပဲဖြစ်ပါတယ်။" (၁၉၉၂ခုနှစ် နိုဝင်ဘာလ (၁၃)ရက်)

"ဘာသာကြီးများအချင်းချင်း နှီးနှောဖလှယ်ခြင်းဟာ မြတ်စွာဘုရားရှင် ကျွန်ုပ်တို့အလယ်သို့ ကြွလာတော်မူစေခြင်းပဲ ဖြစ် တယ်။

ဘာလို့လဲဆိုတော့ ကျွန်ုပ်တို့တစ်ဦးနဲ့တစ်ဦး ရင်ဖွင့်ကြိုဆိုခြင်းဟာ မြတ်စွာဘုရားသခင်ကို ကြိုဆိုခြင်းပဲဖြစ်ပါတယ်။” (၁၉၈၆ခုနှစ် ဖေဖော် ဝါရီလ (၅)ရက်)

“ဘာသာကြီးများအချင်းချင်း နှီးနှောဖလှယ်ခြင်းဟာ မြတ်စွာဘုရား သခင်ကိုယ်တော်တိုင် အလိုတော်ရှိတဲ့ လုပ်ဆောင်ခြင်း တစ်ခုဖြစ်ပါတယ်။” (၁၉၈၇ခုနှစ် ဧပြီလ (၂၈)ရက်)

“ခရစ်ယာန်များအားလုံးဟာ စိတ်ကောင်းနှလုံးကောင်းရှိကြတဲ့ ကျား/မ မရွေးလူအားလုံးနဲ့အတူ လက်မြဲမြဲတွဲထားကြပါတယ်။ ပိုပြီးတရားမျှတတဲ့၊ ပိုပြီးငြိမ်းချမ်းတဲ့ အသိုင်း အဝိုင်းများ တည်ဆောက်ဖို့ ကျွန်ုပ်တို့ အတူတကွ လုပ်ဆောင်ကြပါစို့။ အဲဒီအထဲမှာ အားလုံးတို့ထက် ပိုပြီး ခံစားနေရတဲ့သူများကတော့ အဖက်ဖက်က ချို့တဲ့နေသူ ဆင်းရဲသားများ ဖြစ်ကြပါတယ်။” (၁၉၈၁ခုနှစ် မတ်လ (၂) ရက်)

“ခရစ်ယာန်များနဲ့ အစ္စလာမ်ဘာသာဝင်များဟာ တစ်ဦးနဲ့တစ်ဦး အများ ကြီးနားလည်လွဲနေခဲ့ကြပါတယ်။ အတိတ်ကာလ တစ်ခုမှာတုန်းက ကျွန်ုပ်တို့ တစ်ဦးကိုတစ်ဦးက ဆန့်ကျင်ခဲ့ကြတယ်။ အငြင်းပွား ခဲ့ကြတယ်။ စစ်ပွဲ တွေဆင်ပြီး တိုက်ခိုက်ခဲ့ကြတယ်။ ကျွန်ုပ်တို့ရဲ့ ဒီဟောင်းနွမ်းပြီး အပျက်ဘက်သို့ဦးတည်နေတဲ့ စိတ်ထားတွေကို ပြုပြင်ကြဖို့ မြတ်စွာဘုရားသခင် ကိုယ်တော်တိုင် ကျွန်ုပ်တို့ကို ဒီနေ့ဖိတ်ခေါ်နေတယ် လို့ ကျွန်ုပ်လေးလေးနက်နက် ယုံကြည်ပါတယ်။” (ကာစာ ဘလန့်ကာ ၁၉၈၅ခုနှစ်)

“. . . တမန်တော်ကြီးများတာဝန်ဖြစ်တဲ့ ဘာသာပေါင်းစုံ နှီးနှော

ဖလှယ်ခြင်းနဲ့ တရားဒေသနာတော်မြတ်ကို ကြေညာဟောပြောခြင်းတွေ ဖြစ်ပေါ်လာစေဖို့ ကျွန်ုပ်စိတ်ရည်သန် ပူပန်မိပါတယ်။ လွန်ခဲ့တဲ့ ကျွန်ုပ်ရဲ့ အာဖရိကတိုက်သို့ခရီးပြုခဲ့စဉ်က အာဖရိက ရိုးရာဘာသာ များမှ ခေါင်းဆောင်များနဲ့ တွေ့ဆုံခွင့် ရခဲ့ပါတယ်။ သူတို့တစ်တွေ မြတ်စွာဘုရားသခင်ထံတော်မှာ နီးနီးကပ်ကပ်ရှိနေကြတယ်လို့ ခံစားမိကြတာကို တွေ့ခဲ့ ရတယ်။ သူတို့တစ်တွေရဲ့ ဘုရားလူ တရားလူအဖြစ် ထင်ရှားစေတဲ့ ကိုယ်ကျင့်တရားများကို လေးစားမြတ်နိုးစွာ လေ့လာခဲ့ရပါတယ်။" (၁၉၈၇ခုနှစ် ရောမားမြို့)

"တစ်ပါးသူများနဲ့ လေးစားမှုအပြည့်ပါတဲ့ နှီးနှောဖလှယ်ခြင်းများမှာ သူတို့ရဲ့ အတွေးအမြင်တွေကို လေ့လာခွင့်ရတယ်။ အမှန်တရားဆိုတာကို ကျွန်ုပ်တို့ ပိုမိုနားလည်လာ တယ်။ အပေါ်ယံအဖြစ်သဘောမျိုးမဟုတ်ပဲ လူတိုင်းက မိမိဘာသာရဲ့ ယုံကြည်ရာများကို အရှိအတိုင်း နှီးနှောဖလှယ်ကြမယ်ဆိုရင် အသီးအပွင့်ဝေဆာပြီး အကျိုးများတဲ့ နှီးနှောဖလှယ်ခြင်းများ ထွက်ပေါ်လာပေလိမ့်မယ်။" (ဂျာကာတာ၊ ၁၉၈၉)

၊ **တစ်ဆယ်** ၊

## ယုံကြည်မှုနှင့် ယဉ်ကျေးမှု ရှင်တွဲရှိနေခြင်း

ရဟန်းမင်းကြီး ဒုတိယမြောက် ယောဟန်ပေါလူးက "တက္က သိုလ်နှင့် ကောလိပ်ကျောင်းများမှာ ကျောင်းသူကျောင်းသားများကို သီအိုရီတွေကိုသာ သင်ကြားပေးရုံမဟုတ်ဘဲ စီးပွားရေး၊ ယဉ်ကျေးမှု၊ နည်းပညာနှင့် သိပ္ပံပညာတွေကို ဦးဆောင်နိုင်သည့် ပုဂ္ဂိုလ်များဖြစ်လာဖို့ သင်ကြားပေးသင့်သည်။ ကိုးကွယ်ယုံကြည်မှုနှင့် ယဉ်ကျေးမှုများတွင် ကိုယ်တိုင်ပါဝင်ပြီး ဦးဆောင်နိုင်သည့်ခေါင်းဆောင်များ ပေါ်ထွက်လာဖို့ သင်ကြားပေးသင့်သည်"ဟု ၁၉၉၅ခုနှစ် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့သို့ ကြွရောက်ခဲ့စဉ်က မိန့်ကြားသွားခဲ့ပါသည်။*

ကက်သလစ်သာသနာတော်သမိုင်းတွင် ကိုးကွယ်ယုံကြည်မှုနှင့် ယဉ်ကျေးမှုတို့သည် သာသနာတော်စတင်ကတည်းကပင် အတူယှဉ်တွဲရှိနေခဲ့ပါသည်။ သာသနာတော်ကြီး အစတည်ခဲ့တာကလည်း ယဉ်ကျေးမှုမတူသူ၊ စကားမတူသူ အသိုင်းအဝိုင်းများမှာ ဖြစ်ပါသည်။

ဆိုလိုသည်မှာ ကိုးကွယ်ယုံကြည်မှုသည် ယဉ်ကျေးမှုအသွင်ပြောင်းမလာပါလျှင် မည်သည့်လူ့အဖွဲ့အစည်းကမှ ပြည့်ပြည့်ဝဝလက်ခံမှာမဟုတ်ပါ။ မည်သူကမှ ယုံယုံကြည်ကြည်စဉ်းစားမှာ မဟုတ်ပါ။

* Pope John Paul II, *Speeches of His Holiness Pope John Paul II,* Word and Life Publications, Makati, Metro Manila, 1995, p. 22.

ဥပမာ သစ်ပင်တစ်ပင်သည် သူပေါက်ရောက်နေသည့် နေရာရှိ မြေကြီးထဲသို့ သူ့အမြစ်များ မထိုးဝင်နိုင်ပါလျှင် ဘယ်တော့မှ အသီး မသီးနိုင်သလို ကိုးကွယ်ယုံကြည်မှုသည်လည်း အသီးအပွင့်ဝေဆာဖို့ ယဉ်ကျေးမှုမြေကြီးထဲမှာ သူ့အမြစ်တွေ ထိုးဝင်နိုင်ရပါမည်။ အဲလိုဖြစ် လာဖို့ ကိုးကွယ်ယုံကြည်မှုသည် ယဉ်ကျေးမှုနှင့် ယှဉ်တွဲနေရပါမည်။ ကိုးကွယ်ယုံကြည်မှုသည် ယဉ်ကျေးမှုကို မြှင့်တင်ပေးရပါမည်။

ကိုးကွယ်ယုံကြည်မှုတစ်ခု၏ ပထမဦးဆုံးသော ဝတ္တရားမှာ သူ့ကိုလက်ခံကိုးကွယ်ရာဒေသရှိ ယဉ်ကျေးမှု၏ အဖိုးမဖြတ်နိုင်သည့် အရာများကို အသိအမှတ်ပြုရမှာ ဖြစ်ပါသည်။ လူတစ်ဦးစီတိုင်းမှာ ကောင်းတာရော မကောင်းတာပါ ရောနှောရှိနေတတ်သကဲ့သို့ ယဉ်ကျေး မှုတိုင်းမှာလည်း တန်ဖိုးအနဂ္ဃထိုက်သည့် အမွေအနှစ်များနှင့်အတူ မပြည့်စုံသေးသည့် အချက်များလည်း ရောပါနိုင်ပါသည်။ သို့သော် ကြွယ်ဝခြင်းနှင့် တန်ဖိုးကြီးမားမှုများ ပါရှိနေတာကြောင့် ထိုအရာများ တိုးပွားအောင် လုပ်ပေးရန် ကိုးကွယ်ယုံကြည်မှု၏ တာဝန်သာဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော်တို့တစ်ဦးစီတွင် နားထောင်တတ်သည့် အကျင့်များလိုပါသည်။ အသံကိုသာကြားနိုင်သည့်နားနှင့် နားထောင် ခြင်းမျိုးမဟုတ်ဘဲ၊ သဘောထားကြီးစွာ နားလည်လက်ခံပေးတတ်သည် နှလုံးသားနှင့် နားထောင်တတ်ဖို့ လိုအပ်ပါသည်။ နှလုံးသား အရင်း တည်သည့် နားထောင်တွေ့မြင်ခြင်းဖြင့်သာ ကိုးကွယ်ယုံကြည်မှုကို ယဉ်ကျေးမှုနှင့်အတူ ရှင်သန်နိုင်စေပါလိမ့်မည်။

☯ ☯ ☯ ☯ ☯

## အခန်း (၁၅)
# ခရစ်ယာန်ဘာသာ

### ၁။ သာသနာတော် အစ

ခရစ်ယာန်ဘာသာကြီးသည် (ယေဇူး) ယေရှုခရစ်တော် ဘုရား ရှင်၏ သက်တော်စဉ်နှင့် အဆုံးအမ,တရားတော်အပေါ်မှာ တည် ထောင်ထားပါသည်။ ယေရှုခရစ်တော်သည် လူတစ်ဦးအဖြစ်နှင့် ကြွလာတော်မူသော ဘုရားဖြစ်တော်မူပါသည်။ ထိုသို့ လူအဖြစ် တော်နှင့် ကြွလာတော်မူသောအခါ အရှင်မြတ်သည် ဂျူးလူမျိုးတစ်ပါး အဖြစ် ရွေးချယ်ဖွားမြင်ခြင်းခံယူပြီး၊ အာရှ၊ အာဖရိကနှင့် ဥရောပ တိုက်ကြီးများ၏ လမ်းဆုံဖြစ်သည့် ရှေးပါလက်စတိုင်းပြည်ကြီးမှာ သက်တော် ထင်ရှားကြီးပြင်းတော်မူခဲ့ပါသည်။

ယေရှုကိုယ်တော်သည် လူသားမိခင် မယ်တော်မာရိယာ၏ ဝမ်းကြာတိုက်မှာ လူ့အသွေးအသားနှင့် မပတ်သက်ဘဲ ဘုရားတန်ခိုး တော်မြတ်နှင့် ပဋိသန္ဓေစွဲယူခြင်းခံယူခဲ့ပါသည်။

ကိုယ်တော်မြတ်၏ သက်တော်စဉ်တစ်လျှောက်လုံးသည် ရိုးရိုးသာမန်လူတစ်ဦးလို နေ့စဉ်လုပ်နေကျအလုပ်များကို လုပ်ကိုင် ရင်း

နာဇရက်ကျေးရွာကလေးမှာ မထင်မရှားကုန်လွန်စေခဲ့ပါသည်။

သက်တော် (၃၀)ပြည့်တော်မူသည့်အခါ ပြည်သူပြည်သားများကို စတင်ပြီးအထင်အရှား တရားဟောတော်မူပါသည်။ ဟောကြားတော်မူသည့်တရားတော်မှာ "ဘုရားရှင်၏ နိုင်ငံတော်သည် ရောက်လုပြီ။ မှားပြစ်များမှ သံဝေဂယူကာ နောင်တ ရကြလော့။ ငါ၏ ဧဝံဂေလိတရားတော်ကို ယုံကြည်ကြပါလော့"။[၁] ဟောကြားတော်မူသည့် တရားတော်မြတ်သည် သံဝေဂ တရားဖြစ်ပြီး၊ သုခစစ်သုခမှန် ဧကန်မုချရရှိမည့် တရားဖြစ်ပါသည်။ အရှင်ယေရှုခရစ်တော်မြတ်၌ လူအပေါင်းရှာဖွေနေသည့် ဘုရားကို ဖူးတွေ့ကြပါသည်။ လူအပေါင်း ဆာလောင်ငတ်မွတ်မျှော်လင့်တောင့်တကြသည့် စုံလင်ပြည့်ဝသောအသက်ကို အရှင်မြတ်၌ တွေ့ရှိကြပါသည်။

အရှင်မြတ်၏ တရားတော်သည် ရိုးရိုးပင်ဖြစ်ပါသည်။ သို့သော် ရိုးစင်းသလောက် အလွန်သိမ်မွေ့ပါသည်။ သိမ်မွေ့သလောက် နက်နဲပြီး၊ နက်နဲသလောက် မြင့်မြတ်တော်မူသည့် တရားဖြစ်ပါသည်။ ကိုယ်တော်မြတ်ကို ယုံကြည်ဖို့ လိုအပ်ပါသည်။ ဆိုးပြစ်မိုက်ပြစ်၏ အမိုက်အမှောင်ကို စွန့်ပစ်ဖို့လိုပါသည်။ ယေရှုတော်သည် ဒုက္ခအပေါင်းနှင့် သေခြင်းတရားကို ကိုယ်တော်တိုင်ခံယူကာ ဘုရားရှင်တော်မြတ်ထံသို့ ပို့ဆောင်ပေးသော "လမ်းမြတ်တော်" ဖြစ်ပါ သည်။

သူ၏တရားတော်ကို ယခုလို အတိုချုပ်နိုင်ပါသည် - **"တစ်ဦးနှင့်တစ်ဦး မေတ္တာထားကြပါ။ ငါသည်သင်တို့ကို ချစ်သည့်နည်းတူ သင်တို့သည်လည်း အချင်းချင်း တစ်ယောက်ကို တစ်ယောက် ချစ်ကြပါ။**

---

၁။ ရှင်မာကုကျမ်း ၁း၁၅

**သင်တို့အချင်းချင်း တစ်ဦးကိုတစ်ဦး မေတ္တာထားချစ်ကြခြင်းအားဖြင့် သင်တို့သည် ငါ၏ တပည့် သားသမီးများဖြစ်ကြောင်းကို လူတိုင်းသိကြလိမ့်မည်”**၂။

လူသားအပေါင်းအား ဆင်းရဲဒုက္ခန္တွင်းမှ ကယ်တင်အံ့ငှါ ဘုရားရှင်ထံတော်မှ ကြွလာတော်မူခဲ့သော အရှင်ခရစ်တော်သည် အနှိုင်းမဲ့မေတ္တာတော်ရှင် ဖြစ်ပါသည်။ ဆင်းရဲခြင်းအပေါင်းမှ ကယ်တင်ရှင်ဖြစ်ပါသည်။ မျက်မမြင်ဒုက္ခိတများအား စက္ခုအလင်းပေး ကုသပခဲ့ပါသည်။ ကူသူမရှိ ကုသူမသိနိုင်ဘဲ အိပ်ရာထက်တုံးလုံးလဲ နေသည့် ဝေဒနာရှင်များအား လမ်းပြန်လျှောက်စေပါသည်။ ရောဂါ အထွေထွေကြောင့် မကျန်းမာနာဖျားနေသူများအား ကျန်းမာ စေပါသည်။ သေသူများအား ပြန်ရှင်စေပါသည်။ အရှင်မြတ်သည် လူအားလုံးတို့၏ 'အသက်' ဖြစ်တော်မူပါသည်။

ကိုယ်တော်မြတ်သည် - ဖြောင့်မတ်မှန်ကန်သူ အပြစ်ရှိသူ၊ ဆင်းရဲသူ ချမ်းသာသူ၊ လူမျိုးတူသူ မတူသူ၊ ယောက်ကျား မိန်းမ၊ အမျိုးမြင့်သူ အမျိုးနိမ့်သူ မခွဲခြားဘဲ လူသားအားလုံးအတွက် မေတ္တာ တော်ရှင် ဖြစ်ပါသည်။ ကိုယ်တော်မြတ်၏ မေတ္တာထူးခံစားရသူများမှာ နိမ့်ကျသူများ၊ ဆင်းရဲသားများ၊ အပြစ်ရှိသူများ၊ လူနင်းပြားများနဲ့ လူ့အပယ်ခံများ ဖြစ်ကြပါသည်။

ဘုရားတစ်ဆူမှာ ပုဂ္ဂိုလ်သုံးပါးရှိကြောင်း - ခမည်းတော် ဘုရား၊ သားတော်ဘုရား၊ ဝိညာဉ်တော်ဘုရားဖြစ်ကြောင်း - သွန်သင် ဟောကြားတော်မူခဲ့ပါသည်။ မိမိကိုယ်တော်တိုင်မူ သားတော်ဘုရား ဖြစ်ကြောင်း မိန့်ကြားသွန်သင်တော်မူပါသည်။

---

၂။ ရှင်ယောဟန် ၁၃း ၃၄-၃၅

အရှင်မြတ်၏ တရားတော်နှင့် ကျင့်စဉ်တော်သည် ထိုတိုင်းပြည်မှ မာနကြီးဘာသာရေးခေါင်းဆောင်များအတွက် သည်းမခံနိုင်ဖွယ်ရာ ဖြစ်လာခဲ့ရပါသည်။

ထို့ကြောင့် အရှင်မြတ်ကို ဖယ်ရှားပစ်ဖို့ အမြဲကြိုးစားနေခဲ့ကြပါသည်။ ကိုယ်တော်မြတ်သည်လည်း မိမိ၏ ရှေ့ဉာဏ်တော်နှင့် သူတို့စိတ်အကြံအစီများကို ကြိုတင်သိမြင်တော်မူခဲ့ပါသည်။ သို့သော် မိမိအသက်တော်ကိုရန်မူနေစေကာမူ မိမိတရားတော်မှ ရှောင်လွှဲခြင်းမပြုဘဲ လူအပေါင်းအား တရားရေအေး တိုက်ကျွေးနေခဲ့ပါသည်။

နောက်ဆုံးမှာ ဖမ်းဆီးချုပ်နှောင်ခံရပြီး ရောမားဘုရင်ခံချုပ် ပုံဆီအူးပီလာတူးမင်းထံ ပို့ဆောင်ခံခဲ့ရပါသည်။ ဘုရားဗျာဒိတ် တော်နှင့် ကြိုတင်နိမိတ်ထားခဲ့သည့်အတိုင်း ကိုယ်တော်မြတ်သည် ဘုရားစင်စစ်ပင်ဖြစ်လင့်ကစား အစီရင်ခံခြင်း၊ ညှဉ်းပမ်းနှိပ်စက်ခြင်း၊ ရှက်ဖွယ်အတိဖြင့် ကားတိုင်တင်ကာ အသေသတ်ခံခြင်း စသည့် စရိယာကို သစ္စာတရားနှင့် သမ္မာတရားတော်အတွက် နှိမ့်ကျလှစွာ ခံယူတော်မူခဲ့ပါသည်။

ကားတိုင်တော်ပေါ်မှာ ပြင်းပြလှသောဝေဒနာတော်ကို ခံယူတော်မူရင်း နောက်ဆုံးထွက်သက်တော်ရှူထုတ်တော်မမူမီ ကိုယ်တော်မြတ်သည် မိမိကိုယ်တော်ကို အဖခမည်းတော်ဘုရားထံ အပ်နှံပူဇော်တော်မူခဲ့ပါသည်။ ထို့နောက် မိမိကိုယ်တော်ကို အသေသတ်သည့်တိုင် ပြစ်မှားကြသူများအား မေတ္တာရှေ့ထားကာ ခွင့်လွှတ်စကား မိန့်ကြားတော်မူခဲ့ပါသည်။

ကွတ်မြက်ခြင်းကိစ္စအဝဝကို တာဝန်ယူရသည့် ရောမားစစ်ဗိုလ်ချုပ်သည် ကိုယ်တော်မြတ်၏ နှုတ်တော်မှ ခွင့်လွှတ်စကားကြားရကာ "အမှန်ပင် ဤသူသည် ဘုရားစင်စစ် ဖြစ်၏"ဟု တစ်အံ့

တစ်သြ သက်သေခံသွားခဲ့ကြပါသည်[၃]။

အရှင်ဘုရား၏ အသက်မဲ့ခန္ဓာတော်မြတ်ကို ဂူသွင်း သင်္ဂြိုဟ်ဖို့ တပည့်တော်တချို့သည် ဘုရင်ခံချုပ်ထံမှ အခွင့်ရခဲ့ ကြပါသည်။ အသက်မဲ့ခန္ဓာတော်မြတ်ကို သင်္ဂြိုဟ်ထားခဲ့ကြသည့် ဂူတော်ကို နေ့ညမပြတ်စောင့်ကြပ်စေဖို့ ပီလာတူးမင်းက ရောမား စစ်တပ်တစ်တပ်ကို ကြပ်ကြပ်မတ်မတ်ချထားစေခဲ့ပါသည်။ တစ်ဦး တစ်ယောက်တည်း လွယ်လွယ်မရွှေ့နိုင်သည့် အလုံးကြီးကျောက်တုံး တစ်လုံးနှင့် ဂူတော်အဝကိုလည်း ပိတ်ဆို့ထားစေခဲ့ပါသည်။

မည်သို့ပင်စောင့်နေကြပ်နေစေကာမူ (၃)ရက်မြောက်သည့် နေ့မှာ အသက်မဲ့ခန္ဓာတော်မရှိတော့ဘဲ ဂူတော်ဟာ ဟာလာဟင်းလင်း ဖြစ်နေတာကို အံ့သြဖွယ်တွေ့ကြရပါသည်။

အရှင်ဘုရားသည် ဘုရားတရားတော်နှင့် နိမိတ်စကား ဗျာဒိတ်ထားခဲ့သည့်အတိုင်း ဒုက္ခဆင်းရဲခြင်းအပေါင်းနှင့် သေခြင်း တရားကို အောင်မြင်တော်မူကာ ဘုန်းတော်ဂုဏ်တော်နှင့် ရှင်ပြန် ထမြောက်တော်မူပါသည်။

အကြောင်းကြောင်းသော ဆင်းရဲဒုက္ခအပေါင်းနှင့် မရဏ သေခြင်းတရားကို အောင်မြင်တော်မူလျက် ဘုန်းတော်အပေါင်းနှင့် ပြည့်စုံတော်မူသော မိမိခန္ဓာကိုယ်တော်ဟာ အစစ်အမှန်ဖြစ်ကြောင်း တပည့်သာဝကကြီးများအား အကြိမ်ကြိမ်အခါခါ၊ အဖန်ဖန်အလီလီ ဘုန်းထင်ရှား ပြသတော်မူခဲ့ပါသည်။ မိမိကိုယ်တော်ကို မြင်တွေ့ခွင့်၊ ထိကြည့်ခွင့်ပြုခဲ့ပါသည်။ ကိုယ်တော်နှင့်အတူရှိနေခွင့်ပြုထား တော်မူခဲ့ပါသည်။

---

၃။ (ရှင်မာတေဦး ၂၇း၅၄)

ရှင်ပြန်ထမြောက်တော်မူပြီးနောက် တပည့်သာဝကကြီးများကလည်း သေခြင်းနှင့် ဒုက္ခဆင်းရဲခြင်းအပေါင်းကို အောင်မြင်တော်မူသောအရှင်ကို မိမိတို့မျက်စိနှင့် သေချာမြင်တွေ့ခဲ့ရကြောင်း၊ မိမိတို့လက်နှင့် ထိသိကိုင်တွယ် စမ်းသပ်ခဲ့ကြကြောင်း၊ ထိုအရှင်နှင့်အတူစားခဲ့ကြ သောက်ခဲ့ကြကြောင်း အသက်ပေးကာ သက်သေခံခဲ့ကြပါသည်။

တစ်နေ့တွင် သူတို့မျက်မှောက်မှာပဲ အရှင်ဘုရားသည် အထက်မိုးကောင်းကင်သို့ ဘုန်းဂုဏ်တော်နှင့် ပင့်ဆောင်ခံရပါသည်။ ဘုရားဘုန်းအလင်းရောင်ခြည်တော်နှင့် ပြည့်ဝနေသည့် ကိုယ်တော်ကို လောကမျက်စေ့နှင့် ဖူးတွေ့နိုင်စွမ်းများလည်း အဆုံးသတ်သွားခဲ့ ပါသည်။ ထို့အတူ ကိုယ်တော်မြတ်၏ ဤလူ့လောက လူ့ဘဝသက် တော်စဉ်နှင့် သာသနာပြုခြင်းသည်လည်း ပြီးဆုံးသွားခဲ့ပါသည်။

ကမ္ဘာလောက စကြဝဠာကြီးကုန်ဆုံးချိန်မှာ အရှင်ဘုရားသည် လူသားတစ်ဦးအဖြစ်နှင့်မဟုတ်ဘဲ ဘုန်းတော်ဂုဏ်တော်အပေါင်း ဆောင်လျက် ဘုရားအဖြစ်တော်အထင်အရှားနှင့် တစ်ဖန်ကြွလာတော်မူလိမ့်မည်။

ထိုအခါ ကိုယ်တော်မြတ်သည် ဟောကြားတော်မူခဲ့သည့် တရားတော်နှင့်အညီ ကျင့်ဆောက်တည်ကြသူ ယောကျ်ားမိန်းမ အားလုံးသော ပုထုဇဉ်တို့အား သူတို့အကျင့်သီလနှင့်အညီ မစတော်မူလိမ့်မည်။

ကိုယ်တော်မြတ်၏ သက်တော်စဉ်နှင့် ဟောကြားတော်မူခဲ့သော တရားဓမ္မများမှ အဓိကကျသည့် တရားတော်များကို အရှင်မြတ်၏ တပည့်သာဝကကြီးများမှတစ်ဆင့် ကျွန်တော်တို့ နာယူကြရပါသည်။ ထိုတရားအစုစုကို ကျမ်းစာအုပ်အဖြစ် ပေထက်အက္ခရာတင် ရေးသား

ထားခဲ့ကြပါသည်။

ထိုကျမ်းများကို ဓမ္မသစ်ကျမ်းဟု ခေါ်ပါသည်။ ကျမ်းစာအုပ်တော်ကြီး၏ နောက်တစ်ပိုင်းကတော့ ဂျူးဘာသာဝင်များရော ခရစ်ယာန်များပါ လက်ခံယုံကြည်သည့် ဓမ္မဟောင်းကျမ်းဖြစ်ပါသည်။

## ၂။ သာသနာတော်ပြန့်ပွားခြင်းနှင့် တိုးတက်လာခြင်း

စတင်တရားဟောတဲ့အချိန်မှစတင်ကာ မိမိနှင့်အတူ ရှိနေစေဖို့ ကိုယ်တော်မြတ်သည် တပည့်သာဝကကြီးတစ်စုကို ရွေးချယ်ခဲ့ပါသည်။ ကျမ်းစာတော်အရသိရသည်မှာ အရှင်မြတ်သည် အဖခမည်းတော်ဘုရားထံ ဆုတောင်းတော်မူပြီး ထိုတပည့်သာဝကများကို နောက်တော်ကလိုက်ဖို့ ရွေးချယ်ခေါ်တော်မူခဲ့ ပါသည်။ မိမိတရားတော်မြတ်ကို ဆက်လက်ဟောကြားဖို့၊ မိမိကိုယ်တော်နှင့် အတူအမြဲရှိနေစေဖို့ သာဝကကြီးများကို (၁၂)ပါးအဖြစ် ရွေးကောက်တော်မူခဲ့ပါသည်။ ထို့ကြောင့် သူတို့ကို "တပည့်တော်ကြီးများ" ဟုခေါ်ပါသည်။ အဓိပ္ပါယ်မှာ "စေလွှတ်ခြင်းခံရသူများ" ဖြစ်ပါသည်။

ကိုယ်တော်မြတ်သည် သူတို့ကို မိမိကိုယ်တော်၏ သာသနာတော်မှာရော မိမိ၏တန်ခိုးတော်များနှင့် တရားတော်မှာပါ တစ်သီးတစ်ခြားနေရာ ပေးအပ်ထားတော်မူခဲ့ပါသည်။ သက်တော်ထင်ရှားသီတင်းသုံးတော်မူစဉ်ပင် ထိုသူတို့ကို ပါလက်စတိုင်းတစ်ပြည်လုံးရှိ မြို့ရွာကျေးလက်ဒေသများသို့ အကြိုအကြားပါမကျန် တရားဒေသနာတော် ဟောပြောဖို့ စေလွှတ်တော်မူခဲ့ပါသည်။

ထိုတပည့်တော်ကြီးများမှ တပည့်ကြီးရှင်ပေတရုကို မိမိအရိပ်အရာကိုခံယူဖို့ ရွေးချယ်ခန့်အပ်ထားတော်မူခဲ့ပါသည်။ "သင်၏ယုံကြည်စိတ် မပျက်စေခြင်းငှါ ငါသည်သင့်အဖို့ ဆုတောင်းလေပြီ။ သင့်အလှည့်ရောက်သောအခါ သင်သည်လည်း သင်၏ညီအစ်ကိုတို့ကို အားပေးထောက်မလျက် တည်ကြည်စေလော့" ဆိုသည့်အမှာစကားတော်များမိန့်ကြားပြီး ယုံကြည်သူအပေါင်းအား သင်ကြားဆုံးမကာစောင့်ရှောက်ဖို့ အပ်နှင်းထားခဲ့ပါသည် (ရှင်လုကာကျမ်း ၂၂း၃၂)။

ခရစ်တော်ဘုရားရှင်သည် ရှင်ပေထရုနှင့် တခြားတပည့်တော်ကြီးများအား ဝိညာဉ်တော်ဘုရားရှင်၏ အထူးကူညီစောင့်ရှောက်မှုကို ကတိထားတော်မူခဲ့ပါသည်။ ဝိညာဉ်တော် ဘုရားရှင်သည် သူတို့ကို အမှန်တရားသို့ အလင်းပြလမ်းညွှန်တော်မူမည်။ သို့မှသာ အရှင်မြတ်၏ တရားတော်ကို လူသားအားလုံးထံသို့ တိကျမှန်ကန်စွာ ဟောကြားနိုင်ပေမည်။

အရှင်မြတ်ကိုယ်တော်တိုင် ဟောကြားတော်မူသည့် မြင့်မြတ်တော်မူသောတရားတော်ကို ကမ္ဘာကြီးပေါ်မှာ ဆက်လက် ဟောကြားဖို့ သူတို့ကို တာဝန်ပေးအပ်ခဲ့ပါသည်။ ကိုယ်တော်ရှင်၏ နာမတော် မြတ်၌ ဆေးကြောခြင်း၊ အပြစ်များအခွင့်လွှတ်ခြင်း၊ အရှင်မြတ်၏ နက်နဲလှသော အသွေးတော် အသားတော်မြတ်ကို ကျင်းပခြင်း ဖြစ်သည့် မစ္ဆားပူဇော်ခြင်း စသည့် သန့်ရှင်းသော အရာများကျင်းပဖို့ အခွင့်ပေးသနားတော်မူခဲ့ပါသည်။

အရှင်မြတ်က တပည့်တော်ကြီးများအား **"ကောင်းကင်ဘုံ၌လည်းကောင်း၊ မြေကြီးပေါ်၌လည်းကောင်း၊ ပိုင်ဆိုင်တော်မူသော အခွင့်တန်ခိုးရှိသမျှကို ငါခံရပြီ။ သင်တို့သည်**

**သွားကြ၍ လူအပေါင်းတို့အား ငါ၏ တပည့် သားသမီး ဖြစ်စေကြလျက်၊ ခမည်းတော်၊ သားတော်၊ ဝိညာဉ် တော်၏ နာမတော်မြတ်၌ ဆေးကြောခြင်းပေးကြလော့။ ငါသည် သင်တို့အား ပေးသမျှသော ပညတ်တော်တို့ကို စောင့်ရှောက်စေခြင်းငှါ ဆုံးမဟောကြားကြလော့။ ငါသည် လည်း ကမ္ဘာကုန်သည့်တိုင် သင်တို့နှင့်အတူ အစဉ်မပြတ် ရှိနေမည်"**ဟု မိန့်ကြားတော်မူလျက် မိမိ၏တရားတော်မြတ်ကို လောကကမ္ဘာကြီးပေါ်မှာ ဟောကြားဖို့ စေလွှတ်တော်မူခဲ့ပါသည် (ရှင်မာသဲကျမ်း ၂၈း၁၈-၂၀)။

ယေရှုအရှင်သည် တပည့်တော်ကြီးများ၏ အစွမ်းတန်ခိုးတော် သင်္ကေတအဖြစ် အံ့ဖွယ်တန်ခိုးများ ပြုလုပ်နိုင်ခွင့် ပေးအပ်ခဲ့ပါသည်။ အမှန်ပင် အံ့ဖွယ်ရာများပြုလုပ်တာကို သူတို့ခေတ်ကလူများ မြင်တွေ့ခဲ့ကြလေသည်။ သူတို့မြင်တွေ့ကြသည်ကိုလည်း သက်သေ ခံခဲ့ကြလေသည် (ရှင်မာကုကျမ်း ၁၆း၁၇၊ ရှင်လုကာ ၁၀း၁၇၊ တမန်တော်ဝတ္ထု ၃း၆)။

ယေရှုခရစ်တော်ဘုရားရှင်သည် သေခြင်းတရားနှင့် အမျိုး မျိုးသော ဆင်းရဲဒုက္ခအပေါင်းကို အောင်မြင်တော်မူပြီး ဘုန်းဂုဏ် တော်နှင့် ရှင်ပြန်ထမြောက်တော်မူခြင်းနောက် ရက်ပေါင်း (၅၀)၊ တစ်နည်းအားဖြင့် အရှင်ဘုရား သည်လောကကမ္ဘာမြေကြီးကို စွန့်ခွာတော်မူပြီး (၁၀)ရက် မြောက်သည့်နေ့မှာပင် တပည့်တော်ကြီး များသည် ဝိညာဉ်တော်ဘုရားရှင်ကို ခံယူခဲ့ကြလေသည်။

ထို့နောက်ချက်ချင်းပင် တပည့်တော်ကြီးများသည် တရားတော် စတင်ဟောကြားကြလေသည်။ တပည့်တော်ကြီးများ၏ တရားတော်ကို နာယူပြီးယုံကြည်လက်ခံကြသူများကို ဆေးကြောခြင်း ပေးကြလေသည်။ (ဆေးကြောခြင်းဆိုသည်မှာ ခရစ်တော်ရှင်၏ တရားတော်ကို နာယူလျက်

ယုံကြည်လက်ခံကာ အရှင်မြတ်အား မိမိကိုးကွယ်အားထားရာအဖြစ် ယုံကြည်ဝန်ခံခြင်းအခန်းအနား ဖြစ်ပါသည်။ ထိုအခန်းအနားတွင် ယုံကြည်ခြင်းဝန်ခံသူ၏ နဖူးပေါ်တွင် ရေလောင်းချကာ ဘိသိသ်ပေးသည့် ဘာသာရေး အခမ်းအနားတစ်ခု ဖြစ်ပါသည်။ ရေဆိုသည်မှာ သန့်စင်ခြင်း၊ ဆေးကြောသုတ်သင်ခြင်း၊ ဖြူစင်စေခြင်း၊ အသစ်ဖြစ်စေခြင်း စသည့် အဓိပ္ပါယ်များပါတာကြောင့် ရေနှင့်နဖူးမှာလောင်းပြီး ဆေးကြောခြင်းသင်္ကေတအဖြစ် ပြုပါသည်။ ရေကို ယုံကြည်သူ၏ နဖူးပေါ်မှာလောင်းရင်း ဆေးကြောခြင်းပေးသူက “ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏ နာမတော်မြတ်၌ ငါသည်သင့်ကို ရေဖြင့်ဆေးကြောသည်”ဟု ရွတ်ဆိုပါသည်။ ထိုဘာသာရေး အခမ်းအနားပြုလုပ်ဖို့ ခရစ်တော်ဘုရားရှင် ကိုယ်တော်တိုင် စီရင်မှာကြားခဲ့ပါသည်။ ထို့နောက် ခရစ်ယာန်တစ်ဦး ဖြစ်လာပြီး၊ ခရစ်ယာန်သာသနာတော်ကြီး၏ ဘာသာဝင် တစ်ဦး ဖြစ်လာပါသည်)။

ထိုယုံကြည်သူများသည် သာသနာတော်ကြီး၏ ပထမဦးဆုံး ‘အမြုတေများ’ ဖြစ်လာခဲ့ပါသည်။ ရှေးဦးသာသနာတော်ကြီးမှာ အာရှ၊ အာဖရိကနှင့် ဥရောပတိုက်ကြီးများမှလူများ ပါဝင်ခဲ့ကြကြောင်း သာသနာ့ရာဇဝင်တော်ကြီးက သက်သေထူပါသည်။ ယေရုဇလိင်မြို့ သား၊ ရောမားမြို့သား၊ ဧဖက်မြို့သား၊ အန်တီအော့နှင့် အာလက်ဇန္ဒြီးယားမှ လူများပါဝင်ခဲ့သည့် ရှေးဦးသာသနာတော်ကြီး ဖြစ်သည့် ခရစ်ယာန်မိသားစုကြီးမှာ လူမျိုးပေါင်းစုံ စကားပေါင်းစုံနှင့် အဆင့်အတန်းမခွဲ၊ ကျား/မ မခွဲပဲ အတူရှိနေခဲ့ကြပါသည်။

ခရစ်ယာန် တရားတော်ရောက်ရှိခဲ့ရာ နေရာဒေသတိုင်းမှာ လူသားတို့အတွက် အပါယ်စွန့်ခွါသည့် အကျွတ်တရားတော်

အမွေအနှစ်အဖြစ် စွဲမြဲစေခဲ့ပါသည်။ မြတ်တရားတော်သည် လူမျိုးတိုင်း၏လူ့ဂုဏ်သိက္ခာနှင့် ဘာသာသာသနာ့တန်ဖိုးများကို ပွေ့ပိုက်ပါသည်။ လူ့တန်ဖိုး၊ လူ့သိက္ခာနဲ့ လူ့အခွင့်အရေးများ ဆုံးရှုံးစေသည့် အဖျက်သဘောတရားများကို နိဂုံးချုပ်စေပြီး ယေရှုခရစ်တော်ဘုရားရှင်၌ ရှင်သန်စေပါသည်။

သို့သော် ရာစုနှစ်များ အလီလီပြောင်းလာတာနှင့်အမျှ ပြိုင်ဆိုင်တတ်သည့် လူသဘော၊ လူမျိုးစွဲနိုင်ငံစွဲစိတ်ထားနှင့် များပြားလှသည့် နားလည်လွဲမှုနှင့် မာန်မာနများကြောင့် ခရစ်ယာန်များ အကြားမှာ သဘောထားကွဲပြားခြင်း၊ အယူကွဲခြင်းနှင့် အမြင်ကွဲခြင်း များနှင့်အတူ ခရစ်ယာန်အသင်းကွဲများ ပေါ်ပေါက်ခဲ့ရပါသည်။ ယေရှုရှင်ကိုယ်တော်တိုင် **"သူတို့ အားလုံးသည် တစည်းတစ်လုံးတည်း ရှိစေတော်မူပါ"** ဟု (ရှင်ယောဟန်ကျမ်း ၁၇း၂၁) ဆုတောင်းတော်မူခဲ့ပါတယ်။

လွတ်လပ်ခြင်းနှင့် စစ်မှန်သည့်တိုးတက်ပြောင်းလဲခြင်းကို ဆာလောင်တော်မွတ်နေသော မျက်မှောက်ခေတ် လူသားကမ္ဘာကြီးမှာ ကက်သလစ်သာသနာတော်ကြီးသည် လွတ်ငြိမ်းချမ်းသာခြင်း အစစ်အမှန်ပေးတော်မူသည့် တရားဓမ္မတော်ကို ဟောပြောနေ ပါသည်။ အမိသာသနာတော်ကြီးအနေနှင့် သမိုင်းတစ်လျှောက်မှာ မိမိ၏ မပြည့်စုံမှု၊ အားနည်းမှုများကို သတိပြုမိခဲ့ပါသည်။ တရားတော်ကို ထိရောက်စွာမဟောပြောနိုင်ခဲ့တာကို ဝန်ခံပါသည်။ မျက်မှောက်ခေတ်လူသားများ၏ လိုအပ်ချက်အတွက် ယေရှု ခရစ်တော်ဘုရားရှင၏ တရားတော်နှင့်အညီ ပြုပြင်ခြင်းများနှင့် ပြောင်းလဲခြင်းများ ပြုလုပ်ပေးပါသည်။ ၁၉၆၂ မှ ၁၉၆၅ခုနှစ်ထိ ရောမားမြို့တော်ကြီးမှာ ပြုလုပ်ခဲ့သည့် ဒုတိယဗာတီကန် အစည်း အဝေးကြီးဟာ

ယေရှုရှင်ကိုယ်တော်တိုင် သာသနာတော်ကြီးကို အပ်ပေးထားခဲ့သည့် လူသားများအားလုံးအတွက် ကြီးမားလှသော လုပ်ဆောင်ပေးခြင်းသင်္ကေတတစ်ခု ဖြစ်ပါသည်။ နှစ်ပေါင်း အတော်ကြာက ကွဲသွားခဲ့ကြသည့် ခရစ်ယာန်ဂိုဏ်းဂဏများအကြား စည်းလုံးခြင်း တည်ဆောက်ကြဖို့ လိုလားကြောင်း ပြသနေပါသည်။

ဒီပြင် *Nostra Aetate* ဟုခေါ်သည့် စာချွန်တော်ထုတ်ပြန်ပြီး သာသနာတော်ကြီးဟာ တခြားသော ကိုးကွယ်မှုဘာသာတရားများနှင့် နီးနှောဖလှယ်ခြင်းအကြောင်းကို တစ်ထူးတစ်ခြား ဖော်ပြလိုက် ပါသည်။ ဘာသာတရားအသီးသီးမှ သန်းပေါင်းများစွာသော ယုံကြည်သူများအား ကက်သလစ်သာသနာတော်ကြီးက လေးစား ပါကြောင်း ပြသလိုက်ခြင်းလည်း ဖြစ်ပါသည်။

## ၃။ တရားဒေသနာတော်အချုပ်

"ဘုရားရှင်၏ရွှေပုံသဏ္ဍာန်တော်"နှင့်အညီ ဖန်ဆင်းခြင်း ခံရသည့် လူသားတိုင်းသည် ဘုရားရှင်ကို ဖူးတွေ့နိုင်ပါသည်။ လူတို့မရပ်မနားရှာဖွေနေသည့် သစ္စာတရားတော်နှင့် စစ်မှန်သော ချမ်းမြေ့ခြင်းကို ဘုရားရှင်မှာ ရနိုင်ပါတယ်။ ရှေးပဝေသဏီမှစလို့ မျက်မှောက်ခေတ်တိုင် လူသားတို့သည် မိမိတို့ ယုံကြည်သည့်အတိုင်း အကျင့်သီလဆောက်တည်ခြင်း - (ဆုတောင်းမေတ္တာပြုခြင်း၊ လှူဒါန်း ပူဇော်ဆက်ကပ်ခြင်း၊ ဝတ်ပြုကိုးကွယ်မှုများ၊ ကမ္မဋ္ဌာန်း ဆီးဖြန်းခြင်း . . . စသည်ဖြင့်) - ဘုရားကို အငမ်းမရ ရှာဖွေနေကြကြောင်း သိသာ လှပါသည်။ တစ်ခါတစ်ရံ ထိုပြုမူခြင်းများဟာ နားမလည်နိုင်၊ မသိသာနိုင်၊ အထင်မှားစရာများဖြစ်စေသည့်တိုင် လောကလူသား များဟာ

**‘ဘုရားတရားကြည်ညို ကိုင်းရှိုင်းသောသူများ’** ဖြစ်ကြသည်ဟု မှချဆိုနိုင်ပါသည်။

ထို့ပြင် ဘုရားရှင်ကို သိနိုင်သောတခြားနည်းတစ်ခု ရှိနေပါသေးသည်။ ထိုနည်းကို လူ့အစွမ်းအစနှင့် မတတ်နိုင်ပါ။ - ဘုရားရှင်ကိုယ်တော်တိုင် မိမိဘုန်းတော်ကို အထင်အရှားပြသထုတ်ဖေါ်ပေးခြင်းဖြစ်ပါသည်။ ဘုရားရှင်သည် မိမိ၏တစ်ပါးတည်းသော သားတော် ယေရှုခရစ်တော်ဘုရားရှင်ကို လောကကမ္ဘာသို့ စေလွှတ်တော်မူပြီး၊ သန့်ရှင်းသော ဝိညာဉ်တော်ဘုရားကို ပေးသနားတော် မူလျက် မိမိကိုယ်တော်ကို ထင်ရှားပြသပေးခြင်းဖြစ်ပါသည်။

ထို့ကြောင့် လူသားများတို့သည် ခမည်းတော်ဘုရား၊ သားတော်ဘုရားနှင့် ဝိညာဉ်တော်ဘုရားတို့ကို ဖူးမြော်နိုင်ကြပါသည်။ သန့်ရှင်းနက်နဲလှစွာသော သုံးပါးတစ်ဆူဘုရားသည် ခရစ်ယာန်တို့၏ အသက်တာနှင့် နက်နဲသောယုံကြည်မှု (စဉ်းစားတွေးခေါ်နိုင်စွမ်း တစ်ခုတည်းနှင့်မမီနိုင်သော) တစ်ခုဖြစ်ပါသည်။ စဉ်းစားပြီး မမီနိုင်သော ယုံကြည်ရာအချက်များ၏ အကြောင်းရင်း တစ်ခုလည်း ဖြစ်တယ်။ မိမိတို့ အပြစ်အမိုက်အမှောက်အမှားများကို စွန့်ပစ်လျက် မြတ်ဘုရားရှင်၏တရားတော်ကို ယုံကြည်လက်ခံ ကျင့်ကြံနေထိုင်သောသူတိုင်းသည် အရှင်မြတ်သုံးပါးတစ်ဆူဘုရားကို ဖူးတွေ့နိုင်ပေသည်။

သန့်ရှင်းသောသုံးပါးတစ်ဆူမြတ်စွာဘုရားရှင်ဟု ယုံကြည်သဒ္ဓါပွားပေသည့် ခရစ်ယာန်များသည် ဘုရားသုံးဆူဟု လက်မခံပါ။ “ပုဂ္ဂိုလ်သုံးပါး၌ တစ်ဆူဘုရား”ပဲဖြစ်ပါသည်။ ဘုရားအဖြစ်တော်၌ ပုဂ္ဂိုလ်သုံးပါးတို့သည် တစ်ဆူတည်းသောဘုရားအဖြစ်တော်မှာ ပါဝင်နေတာမဟုတ်ပဲ၊ ပုဂ္ဂိုလ်တော်မြတ်တိုင်းသည် ဘုရားတစ်ပါး

အစစ်အမှန်ဖြစ်တော်မူပါသည်။

ပုဂ္ဂိုလ်သုံးပါးတစ်ဆူဘုရားသည် ဖန်ဆင်းရှင်မြတ် ဖြစ် ပါသည်။ လူသားအားလုံး၏ ကယ်တင်ရှင်လည်းဖြစ်ပေသည်။ မိမိ ရွှေဉာဏ်တော်နှင့် သိမြင်တော်မူသည့်အတိုင်း စကြဝဠာကမ္ဘာ မိုးမြေကို ဘာမှမရှိသည့်ဗလာနတ္ထိမှ လွတ်လွတ်လပ်လပ် ဖန်ဆင်း တော်မူခဲ့ပါသည်။ (ဗလာနတ္ထိမှ ဖန်ဆင်းတော်မူတယ်လို့ဆိုရခြင်းမှာ ဘုရားရှင်သည် မည်သည့်ပစ္စည်းတစ်ခုမျှမသုံးဘဲ မိမိ၏ ဘုန်းတော် အနန္တ၊ တန်ခိုးတော်အနန္တနှင့် အံ့ဖွယ်စွာ ဖန်ဆင်းထားသည်ဟု ဆိုလိုပါသည်။

လွတ်လွတ်လပ်လပ် ဖန်ဆင်းတော်မူသည်ဟု ဆိုရခြင်းမှာ ဘုရားရှင်သည် လူကိုဖန်ဆင်းရခြင်းမှာ မိမိကိုယ်တော်ကို လူများက ရိုကျိုးကိုးကွယ်စေဖို့၊ အကြည်ညိုခံဖို့မဟုတ်။ မိမိဘုန်းတော် ဂုဏ်တော်ထင်ရှားပြဖို့လည်းမဟုတ်။ တခြားမည်သည့် အကြောင်းမှ မဟုတ်ပဲ မိမိကိုယ်တော်၏ သုခစစ်တော်ကို လူများအား စွန့်ကြဲ တော်မူလိုသောကြောင့် ဖြစ်ပါသည်။) ဖန်ဆင်းတော်မူခြင်းအားဖြင့် ဘုရားရှင်သည် မိမိကိုယ်တော်ကို ထုတ်ဖေါ်ပြသခြင်းဖြစ်ပြီး လူသား များနှင့် ဆက်သွယ်ခြင်းဖြစ်ပါသည်။ ဖန်ဆင်းခံအရာများထဲတွင် သိကြားတမန်များလည်း ပါဝင်ပါသည်။

အားလုံးသောဖန်ဆင်းခံအရာများထဲတွင် လူသားများသည် အဓိကဖြစ်ပါသည်။ စကြဝဠာကြီးကို ထိန်းသိမ်းစောင့်ရှောက်ဖို့ ဘုရားရှင်သည် လူအား ခန့်အပ်ထားပေးခဲ့ပါသည်။

ဘုရားရှင်သည် လူကို မိမိကိုယ်တော်ရှင်၏ သားသမီးများ အဖြစ် ဖန်ဆင်းခဲ့ပါသည်။ သို့သော် 'အပြစ်ဒုစရိုက်'သည် ထိုတရားကို ချိုးဖျက်ပစ်လိုက်ပါသည်။ ဘုရားရှင်၏ ဘုန်းတော်ထင်ရှားပြခြင်း အားဖြင့် အပြစ်၏အဖြစ်အခြေအနေနှင့် အစအဦးလူသားများ၏

အပြစ်ရင်းအကြောင်းကို ထင်ရှားသိမြင်စေပါသည်။

အပြစ်ဟုပြောရာမှာ ဘုရားရှင်၏ တရားတော်ကို နှလုံး မသွင်းခြင်း၊ မိမိကိုယ်ကိုသာစွဲလမ်းခြင်းကို ခေါ်ပါသည်။ ကိုယ်တော်မြတ်၏ ကောင်းမြတ်တော်မူခြင်းကို မယုံကြည်ခြင်းလည်း ဖြစ်ပါသည်။ ဘုရားသခင်အား သဒ္ဓါပွားကာ မိဘသဖွယ် ချစ်မြတ်နိုးခြင်းရှိဖို့၊ တစ်ဦးနှင့်တစ်ဦး မေတ္တာထားချစ်ကြဖို့ရန် မရှိမဖြစ်သည့် ကိုယ်တော်တိုင် ပေးအပ်စွန့်ကြဲခဲ့တဲ့ အကြွင်းမဲ့လွတ်လပ်ခြင်းကို အလွဲသုံးစားခြင်းလည်းဖြစ်ပါသည်။ တစ်နည်းပြောရပါက အဝိဇ္ဇာခေါ်သည့် မသိမှုအမှောင်လွှမ်းခြင်း ဖြစ်ပါသည်။ အာဒံနှင့်ဧဝ မိရင်းဖရင်း မိဦးဖဦးတို့၏ အပြစ်ရင်းနှင့် အပြစ်၏ဆိုးကျိုးဖြစ်သော သေခြင်းနှင့် ဆင်းရဲဒုက္ခအပေါင်းမှာ လူသားအားလုံး ချွင်းချက်မရှိ မွေးဖွားလာကြရပါတော့သည်။ (ထို့ကြောင့် ဖြူသူရောမဲသူရော၊ ပုသူရော ရှည်သူရော၊ ပိန်သူရော ဝသူရော၊ ဆင်းရဲသူရော ချမ်းသာသူပါမကျန် လူအားလုံးသည် မွေးဖွားလာစဉ်ကပင် ဇာတိ အားဖြင့် တူနေကြပါသည်။ )

သို့သော်ဘုရားရှင်သည် အပြစ်ရှိသောလူသားများကို သေခြင်းနှင့် ဆင်းရဲခြင်းခပ်သိမ်း၏ လွှမ်းမိုးမှုအောက်မှာ စွန့်ပစ်ထားတော်မမူပါ။ ဆင်းရဲခြင်းလှောင်ချိုင့်ထဲရောက်နေသော လူသားတို့ကို မေ့မထားပါ။ ကိုယ်တော်မြတ်သည် ယေရှုခရစ်တော်ကို လူ့အဖြစ်လူ့ဇာတိယူစေပြီး အပြစ်နှင့် ဒုက္ခဆင်းရဲခြင်းနွံတွင်း နစ်မွန်းနေသော လူအပေါင်းအား ကယ်တင်ဖို့စေလွှတ်တော်မူခဲ့ပါသည်။

ယေရှုအရှင်သည် လူသားစင်စစ်ဖြစ်တော်မူသလို ဘုရားစင်စစ်လည်းဖြစ်တော်မူပါသည်။ ဘုရားနှင့် လူသားအကြားမှာ ဆက်သွယ်ပေးတော်မူသော အရှင်မြတ်ဖြစ်ပါသည်။ အရာအလုံးစုံ

တို့သည် ကိုယ်တော်မြတ်၌၊ ကိုယ်တော်မြတ်အားဖြင့် ဖန်ဆင်းခြင်းခံရကြပါသည်။

ခရစ်ယာန်များက ယေရှုခရစ်တော်ကို 'ကြားဝင်ဖြန် ဖြေသူ' ဟုလည်း တစ်ခါတစ်ရံ ခေါ်ကြလေ့ရှိပါသည်။ 'ကြားဝင်ဖြန်ဖြေသူ' ဆိုတာကို ခရစ်ယာန်အဓိပ္ပါယ်နှင့် မှန်ကမ်စွာ နားလည်ဖို့လိုပါသည်။ အဓိပ္ပါယ်မှာ ယေရှုရှင်သည် မိမိ၏ ဘုရားအဖြစ်တော်လူ့အဖြစ်တော်အားဖြင့် ဘုရားနှင့် လူသားအကြား 'ကြားဝင်နိုင်စွမ်းသောသူ' 'ပညာရှိသူ'၊ 'သူရဲကောင်း'၊ 'ရဟန္တာ'ဟု မဆိုလိုပါ။ 'ဘုရားစင်စစ်' လည်းဖြစ်ပြီး 'လူစင်စစ်'လည်း ဖြစ်တော်မူသော ပုဂ္ဂိုလ်တော်မြတ်ဟု အဓိပ္ပါယ်ရပါတယ်။ ထိုနာမတော်မြတ်သည် ယေရှုအရှင်တစ်ပါးတည်းသာ ခေါ်ဆိုထိုက်ပါသည်။ အဘယ်ကြောင့်ဆိုသော် ခမည်းတော်ဘုရားရှင်၏ သားတော်ဘုရားဖြစ်သည့်အလျောက် ဘုရားအဖြစ်တော်မှာ အပြည့်အဝပါဝင်တော်မူသည်၊ ထို့အပြင် လူသားတစ်ဦးအဖြစ်မှာ အပြည့်အဝပါဝင်တော်မူသောကြောင့် ကျွန်တော်တို့လူ့သားသမိုင်း၏ အချိန်တစ်ခုနှင့် နေရာဒေသတစ်ခုမှာ သက်တော်ထင်ရှားဘုန်းတော်ပွင့်တော်မူခဲ့လို့ ဖြစ်ပါသည်။

ယေရှုရှင်သည် သန့်ရှင်းသော ဝိညာဉ်တော်ဘုရား၏ ဘုန်းတန်ခိုးတော်အားဖြင့် ကညာစင်မိခင် မယ်တော်မာရီယား၏ ဝမ်းကြာတိုက်မှာ ပဋိသန္ဓေစွဲယူတော်မူပြီး ဖွားမြင်ခြင်းကို ခံယူတော်မူခဲ့ပါသည်။ သီးခြားစီဖြစ်တော်မူပြီး ခွဲခြားမရနိုင်သော သားတော်ဘုရားနှင့် ဝိညာဉ်တော်ဘုရားသည် မမြင်နိုင်သော ဘုရားကို မြင်နိုင်စွမ်းအောင် ဘုန်းအာနုဘော် ထင်ရှားထုတ်ဖေါ်ပြသတော်မူခြင်းဖြစ်ပါသည်။ ဘုရားရှင်၏ ဘုန်းတန်ခိုးတော်သည် ယေရှုရှင်ပြုတော်မူသော အံ့ဖွယ်ရာတန်ခိုးလက္ခဏာများအားဖြင့်

ထုတ်ဖေါ်ပြသတော်မူပါသည်။ လူသားများအပေါ်ထားတော်မူသည့် ဘုရားရှင်၏ အနှိုင်းမဲ့မေတ္တာတော်သည် ယေရှုခရစ်တော်၏ သက်တော်စဉ်အားဖြင့် သိသာစေပါသည်။ ကိုယ်တော်မြတ်၏ ဒုက္ခစရိယာကျင့်ခံတော်မူခြင်း၊ ကားတိုင်ပေါ်မှာ အသက်တော် စွန့်တော်မူခြင်း၊ သေခြင်းတရားနှင့် ဆင်းရဲဒုက္ခအပေါင်းကို အောင်မြင်တော်မူလျက် ဘုန်းတော်ဂုဏ်တော်နှင့် ရှင်ပြန်ထမြောက်တော်မူခြင်းတို့သည် လူ့ကယ်တင်ခြင်း အကြောင်းရင်းပဲ ဖြစ်ပါသည်။

လူသားအပေါင်းတို့၏အလင်းမြတ် ခရစ်တော်ဘုရား ရှင်သည် ခရစ်ယာန်ဘာသာကြီးထဲကနေ ထွန်းလင်းတောက်ပနေ ပါသည်။ လူ့အကျွတ်တရားနှင့် ကယ်တင်ခြင်းကျေးဇူးတော်သည် ဦးခေါင်းတော်ခရစ်တော်ဘုရား၏ ခန္ဓာတော်ဖြစ်၏ သာသနာတော်ကြီးထဲမှာ ရှာဖွေတွေ့ရှိနိုင်ပါသည်။ "လူအပေါင်းတို့သည် ဘုရားရှင်၏ လူမျိုးတော်အဖြစ် တစည်းတလုံးတည်းရှိနေစေဖို့ ဖိတ်ခေါ်ခြင်း ခံရပါသည်။ ကမ္ဘာကြီးတစ်ခုလုံး ငြိမ်းချမ်းရေးအတွက် လုပ်ဆောင်ကြရပါမည်။ ထိုအချက်သည် ကက်သလစ်ခရစ်ယာန်များရော၊ ခရစ်တော်ဘုရားရှင်ကို ရိုကျိုးကိုးကွယ်ကြသူများရော၊ လူသားထုတစ်ခုလုံးပါမကျန် အားလုံးနှင့်သက်ဆိုင်သလို တစ်နည်းတစ်ဖုံ ပါတ်သက်နေပါသည်။ လူအားလုံးတို့သည် ဘုရားရှင်၏ ကယ်တင်တော်မူခြင်းကျေးဇူးတော်သို့ ဖိတ်ခေါ်ခံရပါသည်။ *(Lumen Gentium, n. 13)*"။

အဲဒါကြောင့် ခရစ်တော်ဘုရားရှင်အား လူအားလုံးတို့ ယုံကြည်လက်ခံကြပါစေကြောင်း ဖိတ်ခေါ်ဖို့ရန်မှာ အလွန်သန့်ရှင်းလှတော်မူတဲ့ အမိသာသနာတော်ကြီးရဲ့ တာဝန်ဖြစ်သလို၊ မြင့်မြတ် လှတဲ့ ဝတ္တရားတစ်ခုလည်းဖြစ်ပါတယ်။ အခုပြောနေတဲ့ အမိ

သာသနာတော်ကြီးရဲ့ အဓိကတာဝန်ဖြစ်တဲ့ ဧဝံဂေလိ တရားတော် ကြေညာဟောပြောခြင်း (သို့) သာသနာပြုခြင်းဟာ ဝမ်းမြောက်ဖွယ်ရာသတင်းစကားတော် ဖြစ်ပါတယ်။ ဟောပြောခြင်း၊ ကြေညာခြင်းနဲ့ဖိတ်ခေါ်ခြင်း သက်သက်ဖြစ်ပါတယ်။ အခွင့်အရေး ယူခြင်း၊ အတင်းအကျပ်ပြုခြင်း လုံးဝမဟုတ်ပါချေ။

မြတ်စွာဘုရားသခင်ပေးမဲ့ အသက်တာဟာ အဆုံးမရှိ ပါဘူး။ လူဟာ သေသွားတာနဲ့ အသက်ပျောက်ဆုံးသွားတာ မဟုတ် ပါဘူး။ ဒါပေမဲ့ ဘဝအသစ်သို့ ကူးပြောင်းသွားခြင်း သက်သက် ဖြစ်တယ်။ ဘုရားဝတ်ပြုရာမှာ ရွတ်ဆိုတဲ့မေတ္တာလို "သေခြင်းအား ဖြင့် အသက်သည် ပျောက်ဆုံးသွားခြင်းမဟုတ်။ အခြေအနေ ပြောင်းလဲသွားခြင်းသာဖြစ်၏။" သေခြင်းဆိုတာ ဆုံးဖြတ်ချက် တစ်ခုရဲ့ နောက်ဆက်တွဲတစ်ခုလို့ ဆိုရပါမယ်။ မြတ်စွာဘုရား သခင်ရဲ့ တရားဓမ္မတော်များကို နာယူနှလုံးသွင်းကာ ကျင့်ဆောက် တည်လျက် သေဆုံးသွားသူတစ်ဦးဟာ ကိုယ်တော်မြတ် စံပယ်တော် မူရာ အရပ်သို့ရောက်သွားလိမ့်မယ်။ (ဒီနေရာမှာ အရပ်လို့ သုံးစွဲထားပေမဲ့ လောကသဘောတရားပါဝင်တဲ့ နေရာ၊ ဒေသ၊ အရပ်ကို မရည်ရွယ်ပါ။ ) အရှင်မြတ်ကို "မျက်ဝါးထင်ထင်" ဖူးမြော်နိုင်လိမ့်မယ်။ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ၊ သောက၊ ပရိဒေဝဆိုတဲ့တရားများ ချုပ်ငြိမ်းရာအရပ်ဖြစ်ပါတယ်။ စွဲလန်းခြင်း၊ တပ်မက်ခြင်း၊ ဆာလောင်မွတ်သိပ်ခြင်း စတဲ့တဏှာရာဂများကနေ ကင်းစင်ပါတယ်။ အကုသိုလ်တရား၊ မာနတရား၊ မုန်းတီးခြင်းတရား၊ အဝိဇ္ဇာ တရားများမှ ကင်းလွတ်ပါတယ်။ အဲဒီလို သန့်ရှင်းမြင့်မြတ် တော်မူတဲ့ နေရာဌာနကို "ကောင်းကင်ဘုံ"လို့ ခေါ်ပါတယ်။ အဘယ်ခါမှ ဖောက်ပြန်ပျောက်ပျက်ခြင်းမရှိ။ ရွေ့လျားပြောင်း လဲခြင်းကင်းပြီး

ပျက်ပြားကုန်ဆုံးခြင်းကင်းတဲ့ သုခမှန်ဖြစ်ပါတယ်။

အကယ်၍များ သေဆုံးချိန်မှာ မြတ်စွာဘုရားသခင်ကို မဖူးမြော်ထိုက်ရအောင် တချို့သောအပြစ်အနာအဆာလေးများ ကျန်နေသေးပါက အဲဒီပုဂ္ဂိုလ်ဟာ ဖူးမြော်ထိုက်ရအောင် လုံလောက်သော သန့်ရှင်းခြင်းရသည်အထိ စင်ကြယ်ခြင်းပြုရ ပါတယ်။ အဲဒီနောက်ဆုံးက စင်ကြယ်ခြင်းပြုလုပ်ရာကို "ငရဲငယ် (Purgatory)" လို့ခေါ်တယ်။ မြတ်စွာဘုရားသခင်ရဲ့တရားတော်ကို လည်း နှလုံးမသွင်း၊ တရားတော်ကို လည်းမကျင့်ကြံ မဆောက်တည်၊ အပြစ်အမှောက်အမှားများမှလည်း နောင်တမရ၊ အရှင်မြတ်ရဲ့ အနှိုင်းမဲ့ချစ်ခြင်းမေတ္တာတော်ကိုလည်း လက်မခံ၊ စိတ်ကောင်း နှလုံးကောင်းထားလျက် ကောင်းရာများကိုလည်း မကျင့်ကြံသူများ ဟာ အရှင်မြတ်အထံတော်မှ ထာဝရဝေးကွာသွားကြပါမယ်။ အဲဒီလို အရှင်မြတ်ကို မဖူးမြော်ထိုက်သူများရဲ့ အဆုံးမရှိ စွန့်ပစ်ခံရတဲ့ ဘဝကို ခရစ်ယာန်များက "ငရဲ"လို့ ခေါ်ကြပါတယ်။

နောက်ဆုံးသောအချိန်မှာ နောက်ဆုံးစီရင်ဆုံးဖြတ်ခြင်း (Last Judgment)ရှိပါမယ်။ ယေရှုခရစ်တော်ဟာ အနန္တောအနန္တ ဘုန်းတော်ဂုဏ်တော်အပေါင်းဆောင်လျက် ဘုရားအဖြစ်တော်နဲ့ တစ်ဖန်ကြွလာတော်မူမယ်။ အဲဒီအခါ အရာခပ်သိမ်းဟာ အရှင် မြတ်ကို သိနားလည်စေမယ်။ လူတိုင်းလူတိုင်း မိမိတို့ပြုလုပ်ခဲ့ကြတဲ့ အကောင်းနဲ့မကောင်း၊ သုစရိုက်နဲ့ ဒုစရိုက်များကို သူတို့ရဲ့ အကျိုး အပြစ်အတိုင်း၊ ကုသိုလ်အကုသိုလ်အလျောက် ထင်ရှားစေမယ်။ အဲဒီနောက်ဆုံးတရားစီရင်ခြင်းဟာ မြတ်စွာဘုရားသခင် ဒဏ်ခတ် ရာနေ့တစ်နေ့တော့ မဟုတ်ပါဘူး။ တစ်နည်းပြောရရင် "ကယ်တင် တော်မူခြင်းနေ့ (သို့) သုခစစ်သုခမှန်ရရှိခြင်းနေ့"ကို အသိပေး

ကြေညာခြင်းပဲဖြစ်ပါတယ်။ အဲဒီနေ့ဟာ မြတ်စွာဘုရားသခင် လူတို့ကို နောက်ဆုံးတရားတော် ဟောကြားခြင်းဖြစ်ပါလိမ့်မယ်။

## ၄။ ခရစ်ယာန်ဆိုတာ ဘယ်သူလဲ။

ခရစ်ယာန်ဆိုတာ ယေရှုခရစ်တော်ရဲ့ တရားဓမ္မတော်ကို ယုံကြည်သဒ္ဓါပွားကာ လက်ခံကျင့်ကြံသူများကို ခေါ်ပါတယ်။ ယုံကြည်လက်ခံသူတစ်ဦးဟာ ဆေးကြောခြင်းဆိုတဲ့ ဘာသာဝင် ခြင်းနဲ့ ယုံကြည်ကြောင်းဝန်ခံခြင်းတို့ပါတဲ့ ဘာသာရေးအခမ်း အနားတစ်ခု ခံယူရပါတယ်။ ဒီသန့်ရှင်းတဲ့ အခမ်းအနားကို ကလေး သူငယ်များပါ ခံယူနိုင်ပါတယ်။ အဲဒီနောက် ခရစ်ယာန်တစ်ဦးဖြစ် လာပြီး၊ ခရစ်ယာန်သာသနာတော်ကြီးရဲ့ ဘာသာဝင်ဖြစ်လာတယ်။ သို့ပေမဲ့ ခရစ်တော်ဘုရားရှင်ရဲ့ စစ်မှန်တဲ့တပည့်သားသမီး ဖြစ်ဖို့ရာ ခရစ်တော်ဘုရားရှင်ကို လွတ်လပ်စွာ ရွေးချယ်ကိုးကွယ်ဖို့ ဆုံးဖြတ်ပြီး၊ လမ်းမြတ်တော်ဖြစ်ပြီး၊ သမ္မာတရားတော်နဲ့ အသက်စစ် လည်းဖြစ်တော်မူတဲ့ ကိုယ်တော်မြတ်ကို အတုယူလိုက်နာ ကျင့်ကြံဖို့ လိုအပ်ပါတယ်။

ခရစ်ယာန်များဟာ ကယ်တင်ရှင်လည်းဖြစ်ပြီး မြင့်မြတ်တော်မူသော သခင်လည်းဖြစ်တဲ့ ခရစ်တော်ဘုရားရှင်နဲ့အတူ နေ့စဉ်အသက်တာကို ရှင်သန်ဖို့လိုတယ်။ အဲဒီလို တရားဓမ္မ ဆောက်တည်ဖို့ဆိုတာ အပေါ်ယံအတုယူခြင်းများကို အသေးအဖွဲလေးတောင်မချန်ပဲ ဘယ်လောက်တိတိကျကျ လုပ်နေပါစေ မဖြစ်နိုင်သလို၊ စစ်မှန်တဲ့တရားဆောက်တည်ခြင်း မဟုတ် သေးပါဘူး။ အမှန်တကယ် တရားကျင့်ကြံခြင်းဆိုတာ ခရစ်တော် ဘုရားရှင်ရဲ့

တရားတော်တွေကသင်ကြားနေတဲ့ - "ကိုယ်တော် မြတ်ရဲ့သက်တော်စဉ်၊ အထူးသဖြင့် အရှင်မြတ်ရဲ့ ဒုက္ခစရိယာတော် နဲ့ အသက်တော်အသေခံစွန့်လွှတ်တော်မူခြင်း" - များကို ကိုယ်တိုင် ကိုယ်ကျ နှလုံးသွင်းတရားယူကာ အတုယူလိုက်နာကျင့်ဆောက် တည်ခြင်းပဲ ဖြစ်ပါတယ်။

ခရစ်ယာန်များဟာ နှလုံးသားများကို ပြုပြင်ပေးတော်မူတဲ့ မြတ်စွာဘုရားသခင်ရဲ့ ဝိညာဉ်တော်မြတ်အားဖြင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းခံစားနိုင်ပါတယ်။ မြတ်စွာဘုရားသခင်အား ကြည်ညိုချစ်မြတ်နိုးလျက် မိမိနဲ့နီးစပ်သူများအား ချစ်ခြင်းမေတ္တာထားခြင်းတို့က ခရစ်ယာန်အသက်တာရဲ့ အနှစ်သာရကို ဖြစ်ပေါ်စေတယ်။ မြတ်စွာဘုရားသခင်အား ကြည်ညိုသဒ္ဓါပွား လျက် ချစ်လေးမြတ်နိုးခြင်းဆိုရာမှာ မိမိဘဝကို အရှင်မြတ်ရဲ့ တရားတော်နဲ့ သက်တော်စဉ်အား လုံးလုံးလျားလျားဆက်ကပ် ပူဇော်ခြင်း၊ အရှင်မြတ် သွန်သင်ရာများကို တစ်သဝေမတိမ်းနှလုံး သွင်းနားထောင်ခြင်းများအားဖြင့် ထုတ်ဖေါ်ပါတယ်။ မိမိနဲ့ နီးစပ်သူများအား ချစ်ခြင်းမေတ္တာထားခြင်းဆိုရာမှာလည်း မေတ္တာ၊ ကရုဏာ၊ မုဒိတာထားခြင်း - "သူတစ်ပါးက မိမိကိုပြုစေချင်သည့် အတိုင်း သူတစ်ပါးအားပြုခြင်း" - နဲ့ဖေါ်ကျူးပါတယ်။ မိမိ တပည့်သားသမီးများတို့ဟာ အရောင်အဆင်း၊ အနိမ့်အမြင့်၊ အမျိုးတူမတူ၊ ဘာသာတူမတူ၊ လူမျိုးတူမတူ စသည်ဖြင့်မခွဲခြားပဲ ကောင်းကင်ဘုံအရှင် မြတ်စွာဘုရားသခင်ကိုယ်တော်တိုင် အားလုံးကိုချစ်သလို ချစ်ကြဖို့၊ မေတ္တာထားကြဖို့ ခရစ်တော် ဘုရားရှင်က အမြဲသွန်သင်ဆုံးမပါတယ်။ တောင်းခံတိုက်တွန်း ပါတယ်။ ဒီလောကီကမ္ဘာကြီးရဲ့ တုန့်ပြန်မှုနဲ့ ပေးအပ်လာမဲ့ တဒင်္ဂဆုလာဘ်တွေကို မျှော်ကိုးမနေပဲ ကားတိုင်ပေါ်မှာ

အသေခံ တော်မူခဲ့တဲ့အရှင်သခင်ရဲ့ တပည့်သားသမီးပီပီ မိမိအသက်ကို ပင်မငဲ့ကွက်ဘဲ အသက်ကိုပင် ပေးဆပ်ရမည်ဆိုလျှင် ပေးဆပ်ဖို့ အဆင်သင့်ဖြစ်သည်တိုင် စွန့်လွှတ်အနစ်နာခံလျက် မြတ်စွာဘုရား သခင်ကို ကြည်ညိုသဒ္ဓါပွားချစ်မြတ်နိုးဖို့၊ တစ်ပါးသူများအား မေတ္တာထားချစ်မြတ်နိုးဖို့၊ ခရစ်ယာန်တိုင်းကို ဖိတ်ခေါ်ပါတယ်။

မှန်ကန်တဲ့ဩဝါဒပွစိတ်ထားတို့နဲ့ကိုက်ညီနေတဲ့ အားလုံး သောအသက်တာနဲ့ လုပ်ဆောင်ချက်တွေကို အမိသာသနာတော် ကြီးက အမြဲရင်ဖွင့်ကြိုဆိုပါတယ်။ ခရစ်တော်ဘုရားရှင်ရဲ့ နက်နဲလှတဲ့ ခန္ဓာတော်ကြီးဖြစ်တာမို့ သာသနာတော်ကြီးဟာ ကွဲပြားခြားနားတဲ့ အသီးသီးသောကျေးဇူးတော်တွေကို ကြိုဆို ပါတယ်။ ဘာသာဝင်တိုင်းရဲ့အများအကျိုးရှေ့ရှုတဲ့ မည်ကဲ့သို့သော ဆောင်ရွက်မှုကိုမဆို အသိအမှတ်ပြုဂုဏ်ယူပါတယ်။ အချိန်တိုင်း နေရာတိုင်းမှာ မိမိရဲ့ယုံကြည်ခြင်းတွေ၊ မျှော်လင့်ခြင်းတွေ၊ ချစ်လေးမြတ်နိုးခြင်းတွေကို သက်သေခံဖို့၊ ခရစ်ယာန်တိုင်းကို ဖိတ်ခေါ်ပါတယ်။ ခရစ်ယာန်သာသနာတော်ကြီးထဲမှာ လူတိုင်းရဲ့ ဘဝ(၂)ခုကို အထူးအလေးထားမြတ်နိုးလက်ခံပါတယ်။ အဲဒါ တွေကတော့ - (၁) လက်ထပ်ထိမ်းမြားခြင်းနဲ့ တစ်လင်တစ်မယား မိသားစုဘဝ၊ (၂) ငယ်ဖြူဘဝနဲ့ အရာရာကိုစွန့်လွှတ်ကာ မြတ်စွာ ဘုရားသခင်နဲ့ လူသားများအတွက် မိမိတို့ဘဝအသီးသီးကို ဆက်ကပ်ကာ တရားကျင့်ဆောက်တည်နေကြတဲ့ ဆရာတော်၊ ဘုန်းကြီး၊ ဦးပဥ္စင်းနဲ့ ကိုရင်၊ သီလရှင်၊ စတဲ့သူတော်စင်ဘဝများပဲ ဖြစ်ပါတယ်။

## ၅။ ခရစ်ယာန်အသက်တာအတွက် ရေသောက်မြစ်များ

သာသနာတော်ကြီးရဲ့ ဘိသိက်မင်္ဂလာများဖြစ်ကြတဲ့ စက္ကရမင်တူးများအားဖြင့် ဘာသာဝင်များအား ခရစ်တော်ဘုရား သခင်ရဲ့ သက်တော်စဉ်ကို စွန့်ကြဲတော်မူပါတယ်။ **“ဆေးကြောခြင်း စက္ကရမင်တူး”**အားဖြင့် ခရစ်ယာန်ဖြစ်လာပြီး၊ ခရစ်တော် ဘုရားရှင်ရဲ့မြင်နိုင်သောခန္ဓာတော်ဖြစ်တဲ့ သာသနာတော်ကြီးရဲ့ ဘာသာဝင်တစ်ယောက် ဖြစ်လာပါတယ်။ **“ခရစ္စမား အားပေးခြင်း စက္ကရမင်တူး”**အားဖြင့် ဝိညာဉ်တော်ဘုရားရဲ့ ခွန်အားတော်ဟာ ဘာသာဝင်အား ဘုရားတရားမှာ နက်ရှိုင်းစေပြီး၊ ရင့်ကျက်သော ခရစ်ယာန် တစ်ဦးဖြစ်လာစေပါတယ်။ **“ကိုယ်တော်မြတ် စက္ကရမင်တူး”**ဟာ ခရစ်ယာန်အသက်တာရဲ့ အဓိကအထွတ် အထိပ်ဖြစ်ပြီး၊ ပင်မရေသောက်မြစ် ဖြစ်ပါတယ်။ မြတ်စွာဘုရား သခင်ရဲ့ အနှိုင်းမဲ့ကောင်းမြတ်တော်မူခြင်းနဲ့ ကျေးဇူးတော် သင်္ကေတဖြစ်တဲ့ ရဟန်းဘုန်းကြီးထံ မိမိအပြစ်အမှားများအတွက် စစ်မှန်တဲ့နောင်တသံဝေဂနဲ့ **“အာပတ်ဖြေ”**တဲ့ သူတိုင်းဟာ အပြစ်ခွင့်လွှတ်ခြင်းခံရတယ်။ ညီအစ်ကိုမောင်နှမများနဲ့ ပြန်လည်သင့်မြတ်ခွင့်ရပါတယ်။ ဆရာတော်ကြီးများ၊ ရဟန်း ဘုန်းကြီးများ၊ ဦးပဥ္စင်းများအား သာသနာတော်ကြီးအား အစေခံရန် ဆရာတော်ကြီးများက **“သန့်ရှင်းသောသိက္ခါတော်”** တင်ပေး ကြပါတယ်။ ခရစ်ယာန်ဇနီးမောင်နှံတို့ဟာ သူတို့ရဲ့ စုံဖက်ခြင်းနဲ့ မိသားစုတို့ ဘုရားကောင်းချီးတော်ခံရဖို့ **“လက်ထပ် ထိမ်းမြားခြင်း စက္ကရမင်တူး”**ခံယူကြတယ်။ **“လူနာအား သန့်ရှင်းသောဆီ”**ဖြင့် လူးပေးခြင်းအားဖြင့် မကျန်းမာနာဖျားနေသူအား ကုသခြင်းနဲ့

နှစ်သိမ့်ခြင်း ခံစားစေပါတယ်။

ဘုရားဝတ်ပြုဆုတောင်းမေတ္တာဆိုခြင်းဟာ ခရစ်ယာန်တို့ နေ့စဉ်အသက်တာရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်တယ်။ ဘုရားဝတ်ပြုရာ မှာ မြတ်စွာဘုရားသခင်အား ပျပ်ဝပ်ညွှတ်ကျိုးလက်စုံမိုး၍ ရှစ်ခိုး ပူဇော်ခြင်းလည်းပါတယ်။ မိမိအပြစ်အမှားများအတွက် တိုးလျှိုး တောင်းပန်ခြင်း၊ လိုအပ်သောဆုကျေးဇူးများအတွက် အသနား ခံခြင်းများလည်း ပါဝင်ပါတယ်။

ဘုန်းတော်ကြီးများ၊ ဦးပဥ္စင်းကြီးများ၊ ရသေ့များပါမကျန် နေ့စဉ်ပရိတ်မေတ္တာများရွတ်ဆိုခြင်း၊ ကမ္မဋ္ဌာန်းစီးဖြန်းခြင်းနဲ့ ဆုတောင်းမေတ္တာများအတွက် အချိန်သီးသန့်ပေးထားကြရ ပါတယ်။ ခရစ်ယာန်များဟာ ညဦးယံ၊ မိုးသောက်ယံ၊ ထမင်း မစားခင်နဲ့ စားအပြီးမှာ ဆုတောင်းမေတ္တာရွတ်ဆိုဖို့ တိုက်တွန်း ပါတယ်။ မြတ်စွာဘုရားသခင်ရဲ့ တရားတော်ကို နှလုံးသွင်းကျင့်ကြံ နိုင်စေဖို့ အတွင်းစိတ်နဲ့အာရုံပြုဆုတောင်းခြင်း၊ ကမ္မဋ္ဌာန်း စီးဖြန်းခြင်းများ ပြုလုပ်ဖို့လိုပါတယ်။ ဥပုသ်နေ့ဖြစ်တဲ့ တနင်္ဂနွေ နေ့မှာ ခရစ်ယာန်ဘာသာဝင်များ မိသားစုစိတ်ဓါတ်အပြည့်နဲ့ အတူတကွစုရုံးကာ တစ်စည်းတစ်လုံးတည်း ဘုရားဝတ်ပြုကြ ပါတယ်။

## ၆။ ခရစ်ယာန်ပွဲတော်ကြီးတစ်ချို့

ဝါကျွတ်ပွဲတော် (သို့) ပါစကားပွဲတော်ကြီးဖြစ်တဲ့ ယေရှု ခရစ်တော်ဘုရားရှင်ရဲ့ ဒုက္ခဆင်းရဲခြင်းများနဲ့သေခြင်းကို အောင်မြင်ပြီး ဘုန်းတော်ဂုဏ်တော်နဲ့ရှင်ပြန်တော်မူတဲ့ပွဲတော်ဟာ အရေးကြီးဆုံးပွဲတော် တစ်ခုဖြစ်ပါတယ်။ အဲဒီပွဲတော်မရောက်မှီ ပြင်ဆင်ရာအချိန်အဖြစ်

ရက်ပေါင်း (၄၀)တိတိ သတ်မှတ်ထားပေး ပါတယ်။ ထိုရက် (၄၀)ဟာ ခရစ်မျှားရဲ့ ဝါတွင်းကာလ ဖြစ်ပါတယ်။သခင်ဘုရားရဲ့ ဒုက္ခ စရိယာခံတော်မူခြင်းနဲ့ ကားတိုင်တော်ပေါ်မှာ အသက်တော် အသေခံတော်ခြင်းတို့ကို သန့်ရှင်းသောရက်မျှား အဖြစ် ဥပုသ်သီတင်းတစ်ပတ်ကြာ ကျင်းပပါတယ်။ ခရစ္စမတ် ပွဲတော်ဟာ လူအဖြစ်ကို နိမ့်ကျစွာယူတော်မူပြီး လောက ကမ္ဘာသို့ လူသားတစ်ဦးအဖြစ်ကြွလာတော်မူခဲ့တဲ့ မြတ်စွာအရှင် ခရစ်တော် ဘုရားသခင်ရဲ့ မွေးနေ့တော်မြတ်ကို ပြန်လည်အောက်မေ့ ကျင်းပကြတဲ့ပွဲတစ်ခု ဖြစ်ပါတယ်။ ဒီနှစ်ဟာ (၂၀၀၀)ပြည့်နှစ် ဖြစ်တာမို့ သာသနာတော်ကြီးဟာ ကိုယ်တော်ရှင်ရဲ့မွေးနေ့တော်ကို သန့်ရှင်းသောဂျူဗလီနှစ်အဖြစ် ကြေညာကာ ကမ္ဘာတစ်ဝန်းလုံးမှာ စည်ကားစွာကျင်းပ ကြပါတယ်။ သာသနာတော်ကြီးအစလည်း ဖြစ်ပြီး၊ သန့်ရှင်းသောဝိညာဉ်တော်ဘုရား တပည့်ကြီးမျှားအပေါ် ဆင်းကြွလာတော်မူတဲ့ပွဲတော်ကို ဝါကျွတ်ပွဲပြီးနောက် ရက်ပေါင်း (၅၀) အကြာမှာကျင်းပကြပါတယ်။ သာသနာတော်ကြီးရဲ့ တစ်ခြား ပွဲတော်တွေကို တစ်နှစ်ပတ်လုံးကျင်းပကြပါတယ်။ အဲဒီပွဲတော် တွေထဲမှာ လူ့အဖြစ်ကိုယူတော်မူသောဘုရားရဲ့မယ်တော် ကညာစင်မာရီယားနဲ့ သိကြားရဟန္တာသူတော်သူမြတ်မျှားတို့ရဲ့ ပွဲတော်မျှားလည်း ပါဝင်ပါတယ်။

## ကျမ်းညွှန်း


1. *Catechism of the Catholic Church,* Libreria Editrice Vaticana, (English), Geoffrey Chapman, London, 1994.
2. *Journeying Together: The Catholic Church in Dialogue with*

*the Religious Traditions of the World,* Libreria Editrice Vaticana, Vatican City, 1999, pp. 98-114.
3. *Document of the Second Vatican Council,* (Ed. Flannery), The Liturgical Press, Indiana, 1975.
4. T. Corbishley, S.J., *Roman Catholicism,* London, 1952.
5. W. Kasper, *Jesus Christ,* Paulist Press, New York, 1977.
6. O. Cullmann, *Christ and Time,* SCM, London, 1965.
7. K. Rahner, *Foundations of Christian Faith,* Darton, Longman and Todd, London, 1978.
8. *Interreligious Dialogue, The Official Teaching of the Catho lic Church, (1963-1995),*Ed. F. Gioia, Pauline Books a n d Mesia, Boston, 1994.

☯ ☯ ☯ ☯ ☯

## ကိုးကားစာအုပ်များ

Bigandet, A. Bishop, *An Outline of the History of the Catholic Burmese Mission,* Hanthawaddy Press, Rangoon,1887.
*Catechism of the Catholic Church,* Libreria Editrice Vaticana, (English), Geoffrey Chapman, London,1994.
Corbishley, T., S.J., *Roman Catholicism,* London,1952.
Cullmann, O., *Christ and Time,* SCM, London, 1965.

*Document of the Second Vatican Council,* (Ed. Flannery), The Liturgical Press, Indiana, 1975.
Guedes, Maria Ana Marques, *The Portuguese in Burmese Literature,* in "Review of Culture", 1997.
Hall, D. G. E., *Burma,* Hutchinson University Library, London, 1950.
*Interreligious Dialogue, The Official Teaching of the Catholic Church, (1963-1995),* Ed. F. Gioia, Pauline Books and Mesia, Boston, 1994.
*Journeying Together: The Catholic Church in Dialogue with the Religious Traditions of the World,* Libreria Editrice Vaticana, Vatican City, 1999.
Kasper, W., *Jesus Christ,* Paulist Press, New York,

1977.
Kaung, Maung, *The Beginnings of Christianity,* in *Missionary Education in Burma 1600-1842,* in "Journal of the Burma Research Society", Rangoon, 2(20)1930.
Mcvey, Cris, O.P, *Interreligious Dialogue,* in *Dominican Formation on the Threshold of the Third Millennium,* Caleruega, Nasugbu, Batangas, Philippines, January 5 to March 27, 1998.
Painadath, S., sj., *FABC'S Theology of Dialogue*, in *Partners*, Vol. 2, no. 2, Dec., (1997).
Rahner, K., *Foundations of Christian Faith,* Darton, Longman and Todd, London, 1978.
Yule, Henry-Burnell, Arthu, *Hobson-Jobson, being a Glossary of Anglo-Indian Coloquial Words and Phrases,* Sittinbourne, Linguasia, 1994.

God bless Myanmar.
မတ်လ၊ ၂၀၀၆